ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၃ ရက် စနေနေ့။ Saturday, 4 April 2026 ၁၂၁၄၂

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**

ကြေညာချက်အမှတ် (၁/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

**နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၁ နှင့်အညီ ကြေညာလိုက်သည်။

(ပုံ) အောင်လင်းဒွေး
နာယက

## ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်ရုံး**

ကြေညာချက်အမှတ် (၂/၂၀၂၆)
၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)

**ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း**

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က အောက်ပါပုဂ္ဂိုလ်နှစ်ဦးအား ဒုတိယသမ္မတများအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ယင်းတို့ရရှိသည့် ထောက်ခံဆန္ဒမဲ အများအနည်းအလိုက် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၅၁ နှင့်အညီ ကြေညာလိုက်သည်-

| | အမည် | မဲဆန္ဒနယ် | ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည့် အစုအဖွဲ့ |
|---|---|---|---|
| ၁။ | ဦးညိုစော | ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမဲဆန္ဒနယ် | တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |
| ၂။ | ဒေါ်နန်းနီနီအေး | ကရင်ပြည်နယ်လွှတ်တော် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့ |

(ပုံ) အောင်လင်းဒွေး
နာယက

# နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒုတိယသမ္မတများအဖြစ် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး တို့အား ရွေးချယ်တင်မြှောက်



**နေပြည်တော် ဧပြီ ၃**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံးပါဝင်သော နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များက ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူကြပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြစဉ်။

ကြေးမုံ

# အပူရှိန်ဒဏ်အန္တရာယ်ကာကွယ် ကျန်းမာရေးသတိပြုစောင့်ရှောက်

"တန်ခူး-ကဆုန် ဆွေ့ဆွေ့ခုန်"ဆိုသော ဆယ့်နှစ်လရာသီသဘာဝကို ညွှန်းဆိုသည့် မြန်မာ့ဆိုရိုးစကားအရ နွေအပူကို သိသိသာသာခံစားနေကြရပြီဖြစ်သည်။ ဧပြီ-မေ-ဇွန်လ နွေရာသီကာလ အလွန်ပူပြင်းသည့် အပူဒဏ်အန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် ပြည်သူများအနေဖြင့် သတိပြုသွားလာနေထိုင် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်းကြုံတွေ့ကြရသည့် နွေအပူသည် ယခုနှစ်တွင် ယခင်နှစ်များကထက် ပိုမိုပူပြင်းသည်ဟု ခံစားကြရသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ အပူချိန်တစ်နှစ်ထက်တစ်နှစ် မြင့်မားလာသည်မှာ အမှန်ဖြစ်သည်။

ပြီးခဲ့သည့်ရက်များက မြန်မာနိုင်ငံအလယ်ပိုင်းရှိ မြို့အချို့တွင် ထူးခြားသည့် နေ့အပူချိန် ၄၀ ဒီဂရီဆဲလ်စီးယပ်ဝန်းကျင်ရှိရာမှ ယခုရက်များတွင် နေ့အပူချိန် ၄၂ ဒီဂရီဆဲလ်စီးယပ် ကျော်လွန်၍လာခဲ့ရာ နောက်ရက်များတွင် ၄၃ ဒီဂရီဆဲလ်စီးယပ်အထိ ဖြစ်လာမည့်သဘောရှိသည်။ အပူချိန်ဒီဂရီ ၁ ဒီဂရီဆဲလ်စီးယပ် ပိုလာသည့်အခါတိုင်း အပူဒဏ်ကို သိသိသာသာခံစားလာရသည်။ မြန်မာနိုင်ငံသည် ပူပြင်းခြောက်သွေ့သည့်ရပ်ဝန်းဒေသတွင် တည်ရှိနေသည်နှင့်အညီ ယခုကဲ့သို့ နွေရာသီကာလအတွင်း၌ အပူချိန်စံချိန်သစ်များဖြစ်လာပြီး ကမ္ဘာ့အပူဆုံးမြို့ကြီးများစာရင်းတွင် အမြင့်ဆုံးပါဝင်လာခဲ့သည်။

ထို့ကြောင့် အပူရှိန်မြင့်မားလာမှုနှင့်အတူ ပြည်သူများ၏ ကျန်းမာရေးအတွက် ဆောင်ရန်/ရှောင်ရန်အချက်များကို ကျန်းမာရေးဝန်ကြီးဌာနက သတိပေးနှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ မိဘပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် ဖြစ်ပေါ်လာတတ်သည့်အခြေအနေများနှင့် မလိုလားအပ်သော ကျန်းမာရေးအကျိုးဆက်များ မဖြစ်ပေါ်စေရန်အတွက် မဖြစ်မနေကိစ္စများမှလွဲ၍ နေ့အပူရှိန်ပြင်းထန်သော နေရောင်အောက်တွင် သွားရောက်ခြင်းမှ ရှောင်ရှားသင့်ပါသည်။

ပြင်းထန်သောအပူရှိန်သည် ရုပ်ပိုင်းဆိုင်ရာကိုသာမက စိတ်ပိုင်းဆိုင်ရာကိုလည်း သိသိသာသာ ထိခိုက်စေပါသည်။ လူများအနေဖြင့် အပူဒဏ်ကြောင့် စိတ်တိုလွယ်ခြင်း၊ စိတ်မရှည်ခြင်းနှင့် ဒေါသထွက်လွယ်ခြင်းများ ခံစားရနိုင်ပါသည်။ ဤသို့မဖြစ်စေရန် စိတ်ကိုတည်ငြိမ်စွာထားခြင်း၊ အေးမြသောနေရာတွင် အနားယူခြင်းနှင့် သာယာနာပျော်ဖွယ် ရှုမောဖွယ်အခြေအနေများကို ဖန်တီးရယူနိုင်ရန် လိုပါသည်။ ပူပြင်းသောကာလများတွင် အနေအထိုင် အစားအသောက်မှအစ အစစအရာရာ အထူးသတိပြုနေထိုင်ကြရမည်ဖြစ်သည်။ ပူပြင်းသောကာလတွင် ဗက်တီးရီးယားပိုးများ ပေါက်ပွားလွယ်ပြီး အစားအစာများ အလွယ်တကူပျက်စီးတတ်ရာ အစားအသောက်များကို သတိပြုဆင်ခြင်စားသောက်ကြရမည်။

အရိပ်ရသောနေရာများတွင်သာ တတ်နိုင်သမျှနေထိုင်ရန်လိုအပ်ပြီး မဖြစ်မနေပြင်ပသို့ထွက်ရမည်ဆိုပါက မိမိအသားအရေကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကို လုံခြုံသော၊ အရောင်ဖျော့သော ခပ်ပွပွ၊ ခပ်ချောင်ချောင် ချည်ထည်များကိုသာ ဝတ်ဆင်ရန်လိုအပ်ပါသည်။ မဖြစ်မနေပြင်ပသို့ သွားရောက်ရမည်ဆိုပါက ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ကို ဆောင်သွားရန်လိုအပ်သည်။ နေပူချိန်တွင် ရေဓာတ်နှင့် ဆားဓာတ်များ ဆုံးရှုံးနိုင်ခြေမြင့်မားသဖြင့် သန့်ရှင်းသောရေကို များများသောက်သုံးရန်လိုအပ်သည်။ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းအတွင်း သို့မဟုတ် ကားအတွင်းသို့ ဝင်ရောက်ခြင်း၊ အေးမြသောနေရာမှ ပူပြင်းသောနေရောင်အောက်သို့ ချက်ချင်းထွက်ခြင်းတို့ကို သတိပြုဆင်ခြင်ရန်လိုအပ်သည်။ နေပူထဲမှပြန်ရောက်ပြီး ချက်ချင်း ရေချိုးသောအပြုအမူကို မပြုလုပ်မိရန်လိုပါသည်။

နွေရာသီတွင် အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရနိုင်ပြီး ကျန်းမာရေးထိခိုက်မှုအန္တရာယ်ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ အပူဒဏ်ကြောင့် ခေါင်းမူးခေါင်းနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ နုံးချည့်ပျော့ခွေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်းနှင့် ကိုယ်အပူချိန်မြင့်မားခြင်းတို့ကို ဖြစ်စေပါသည်။ အပူဒဏ်ကြောင့် အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်းတို့ဖြစ်စေပါသည်။ တစ်ဆက်တည်းတွင် ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း၊ ကယောင်ကတမ်းဖြစ်ခြင်းနှင့် တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်စေပါသည်။

အထူးသဖြင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ၊ နာတာရှည်ရောဂါအခံရှိသူ(ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူ)များ၊ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ၊ အရက်စွဲသူများ၊ မူးယစ်ဆေးဝါးသုံးစွဲသူများအနေဖြင့် အပူဒဏ်အန္တရာယ်ကို အထူးသတိပြုရမည်ဖြစ်သည်။ သို့ဖြစ်ရာ နေ့အပူရှိန်ပြင်းထန်ချိန်တွင် အရိပ်ရ၍ အေးမြသောနေရာများတွင် အနားယူပါ၊ အရည်များများသောက်သုံးခြင်း စသည့် အပူဒဏ်အန္တရာယ်ကာကွယ်ရေးအချက်များကို မိဘပြည်သူများအနေဖြင့် သတိပြုကာကွယ် လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၄ ဌာနတွင် ဆက်လက်ကျင်းပရာ စာရင်းသွင်း ၁၆၇၇၂ ပါး/ဦး အနက် ၁၄၀၁၁ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၅၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ၃ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## (၂-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃,၆၄၇-၃,၆၆၈ | ၅၅၇-၅၅၈.၆၇ | ၁၂၅.၃၀-၁၂၅.၆၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၇,၈၅၆,၈၈၄.၆၄ | ၃,၅၇၂,၃၈၂.၁၇ | ၅၂,၉၂၀,၇၀၀.၈၂ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | ၇,၀၀၆,၃၄၇.၉၂ | | ၃,၀၀၀,၀၀၀.၀၀ | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ၊ ဆေးနှင့် ဆေးဝါးပစ္စည်း၊ ကုန်ကြမ်းပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ မှယောနှင့် စားသုံးကုန်စည်များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။
- ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးခဲ့သည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၈ သန်းအား LNG ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၆ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၃ သန်းအား စက်သုံးဆီကဏ္ဍသို့လည်းကောင်း၊ ဆိုင်ကယ်အပိုပစ္စည်းကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ ဆေးနှင့်ဆေးဝါးပစ္စည်းကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍတို့သို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၄ သန်းကိုလည်းကောင်း၊ ထိုင်းဘတ် ၃ ဒသမ ၀၀ သန်းအား ဆောက်လုပ်ရေးကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၄ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၀၀၀ | ၁၂,၅၀၀ | ၅၉၃ | ၇,၅၀၅,၅၀၀ |
| MTSH | ၆,၂၀၀ | ၆,၂၀၀ | ၁,၃၄၂ | ၈,၃၂၀,၄၀၀ |
| MCB | ၉,၂၀၀ | ၉,၂၀၀ | ၄၄ | ၄၀၄,၈၀၀ |
| FPB | ၄,၂၀၀ | ၄,၀၀၀ | ၅၀၅ | ၂,၀၄၁,၀၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၃၅ | ၁၁၅,၅၀၀ |
| EFR | ၁,၈၀၀ | ၁,၈၅၀ | ၂,၈၀၇ | ၅,၀၅၂,၉၅၀ |
| AMATA | ၃,၉၅၀ | ၃,၉၅၀ | ၀ | ၀ |
| MAEX | ၃,၈၀၀ | ၃,၈၀၀ | ၂,၂၅၀ | ၈,၅၅၀,၀၀၀ |
| MADPL(PLB) | ၃,၃၀၀ | ၃,၃၀၀ | ၀ | ၀ |
| ASPGB(PLB) | ၃၈,၅၀၀ | ၃၉,၀၀၀ | ၁၁၅ | ၄,၄၃၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

စုစုပေါင်း ၅၈၆ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၈၄ ဦး တက်ရောက်ကြသဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲအစီအစဉ်များကို လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူပြီး အတည်ပြုမှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအားလုံး ပါဝင်သည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က နိုင်ငံတော်သမ္မတလောင်းများ ဖြစ်ကြသည့် ဒုတိယသမ္မတသုံးဦးအနက်မှ ဒုတိယသမ္မတ တစ်ဦးကို နိုင်ငံတော်သမ္မတအဖြစ် ဆန္ဒမဲလက်မှတ်ပုံစံ(၁၀)ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးချယ်တင်မြှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေအရ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် ဆန္ဒမဲပေးခြင်းကို မိမိအပါအဝင် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေး အဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ဆန္ဒမဲပေးပုံပေးနည်းနှင့် ပယ်မဲအဖြစ်ဆုံးဖြတ်သတ်မှတ်မည့် ဆန္ဒမဲလက်မှတ်တို့ကို လွှတ်တော်သို့ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့်အညီ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ၏ ရှေ့မှောက်၌ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်နိုင်ရန် ဆန္ဒမဲပေးပွဲတွင်အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ



နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များ ရှေ့မှောက်၌ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြစဉ်။

နှင့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များသည် ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းများထံမှ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်းလက်မှတ်ရေးထိုးထုတ်ယူကြပြီး သတ်မှတ်ထားသည့်နေရာတွင် လျှို့ဝှက်ဆန္ဒပြုကာ ဆန္ဒမဲပုံးများအတွင်းသို့ ဆန္ဒမဲလက်မှတ်များ ထည့်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ(ဃ)အရ ကိုယ်စားလှယ်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက်နှင့် ဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်တို့ ကိုက်ညီခြင်းရှိ၊ မရှိကို နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရေတွက်စစ်ဆေးကြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံးပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များကို ထုတ်ပေးထားသည့် ဆန္ဒမဲလက်မှတ်အရေအတွက် ၅၈၄ မဲဖြစ်ပြီး ယခုဆန္ဒမဲပုံးအတွင်းမှ ထုတ်ယူရရှိသည့် ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၅၈၄ မဲဖြစ်သည့်အတွက် ကိုက်ညီမှုရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၄၃၊ နည်းဥပဒေခွဲ (ဃ)၊ နည်းဥပဒေခွဲငယ်(င)အရ ဆန္ဒမဲပေးပွဲအထမြောက်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရန် လျှို့ဝှက်ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်များကို သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ဝင်များရှေ့မှောက်၌ ဖွင့်လှစ်ပြီး သက်ဆိုင်ရာနည်းဥပဒေများနှင့်အညီ စိစစ်ရေတွက်၍ နိုင်ငံတော်သမ္မတလောင်းတစ်ဦးချင်းစီရရှိသော ထောက်ခံဆန္ဒမဲအနည်း၊ အများအလိုက် အမည်စာရင်း ပုံစံ(၁၅)တွင် နိုင်ငံတော်သမ္မတ စိစစ်ရေးအဖွဲ့ဝင်များက လက်မှတ်ရေးထိုး မှတ်တမ်းတင်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက က သမ္မတလောင်းတစ်ဦးချင်းရရှိသည့် ထောက်ခံဆန္ဒမဲ အနည်း၊ အများအလိုက် အမည်စာရင်းကို ကြေညာရာ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ထောက်ခံဆန္ဒမဲ ၄၂၉ မဲ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဦးညိုစောက ထောက်ခံဆန္ဒမဲ ၁၂၆ မဲ၊ ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ နိုင်ငံတော်သမ္မတလောင်း ဒေါ်နန်းနီနီအေးက ထောက်ခံမဲ ၂၉ မဲ အသီးသီးရရှိကြသည်။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်နာယကက ထောက်ခံဆန္ဒမဲအများဆုံးရရှိသည့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစုအဖွဲ့မှ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ကြောင်း ကြေညာသည်။

ထို့နောက် ဦးညိုစောနှင့်ဒေါ်နန်းနီနီအေးတို့အား ဒုတိယသမ္မတများအဖြစ် ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေးပြီးဆုံးကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် တတိယနေ့အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဧပြီ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်းကြေညာပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**



တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ



**မော်လမြိုင် ဧပြီ ၃**

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော်ပထမ ပုံမှန်အစည်းအဝေးစတုတ္ထနေ့ကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ် လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး စတုတ္ထနေ့ အစည်းအဝေးစတင်ကြောင်း ကြေညာသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်သူ့ငွေစာရင်းစိစစ်ရေး၊ ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ လေ့လာသုံးသပ်ရေး ကော်မတီ ဖွဲ့စည်းရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့တင်ပြခြင်း၊ ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်းတို့ ဆောင်ရွက်သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ကော်မတီများဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက ဆွေးနွေးနိုင်ကြောင်း ပြောကြားရာ တင်ပြဆွေးနွေးမည့်သူမရှိသည့်အတွက် ပြည်သူ့ငွေစာရင်းစိစစ်ရေး၊ ဘဏ္ဍာရေးစီမံကိန်းနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီ ဖွဲ့စည်းခြင်းကို လွှတ်တော်မှ အတည်ပြုကြောင်း ကြေညာပြီး မွန်ပြည်နယ်လွှတ်တော် တတိယအကြိမ် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်သည်။

တတိယအကြိမ် မွန်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးပဉ္စမနေ့ကို ဧပြီ ၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးစိုးနိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး |
| (ခ) | ဒေါက်တာဇော်မိုးအောင် | ပါမောက္ခချုပ် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

☆ ကျောဖုံးမှ

"တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" တည်ဆောက်မှုကို မြှင့်တင်ရန် အရေးကြီးသောဘုံသဘောတူညီချက်သို့ရောက်ရှိခဲ့ကာ ယခုအခါ နှစ်ဖက်စလုံးမှ သက်ဆိုင်ရာဌာနများနှင့် ဒေသအာဏာပိုင်အသီးသီးတို့က တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ်သည် တရုတ်နိုင်ငံ၏ (၁၅) ကြိမ်မြောက် ငါးနှစ်စီမံကိန်း စတင်သည့်နှစ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံသည်လည်း နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအဆင့်သစ်တစ်ခုသို့ စတင်ခြေလှမ်းသည့်နှစ်လည်းဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကို အလွန်အလေးထားပြီး မဟာဗျူဟာမြောက်ဖလှယ်မှုများကို မြှင့်တင်ရန်၊ နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှုကို နက်ရှိုင်းစေရန်နှင့် "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွဖော်ဆောင်သည့်လူ့အဖွဲ့အစည်း" တည်ဆောက်ရာတွင် ပိုမိုနက်ရှိုင်း၍ ခိုင်မာသောတိုးတက်မှုများရရှိစေရန် သင်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါသည်။ ထိုမှတစ်ဆင့် ကျွန်ုပ်တို့၏ ပြည်သူနှစ်ရပ်အတွက် ပိုမိုကြီးမားသောအကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးနိုင်ရန်နှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုပါဝင်ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။

မြန်မာနိုင်ငံ သာယာဝပြောပါစေကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်ချမ်းမြေ့ပြီး ကျန်းမာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်၏ မြင့်မြတ်သောရာထူးတာဝန်တွင် အောင်မြင်မှုအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါသည်။

**Xi Jinping**
**သမ္မတ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ တာရာ့နီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ပါသည်။

**ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ခင်မင်ရင်းနှီးစွာ ပြောကြားလိုပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား ရိုးရင်းစွဲ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးတက်ကောင်းမွန်လာခြင်းအပေါ် အလေးအနက်ဝမ်းမြောက်မိပါသည်။ အဆွေတော်၏ ပင်ကိုအရည်အချင်းနှင့် ကျွမ်းကျင်မှုတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုဗိုစီဗစ်ဒေသတို့အကြား ဆက်ဆံရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာချမ်းသာ၍ ဆောင်ရွက်သမျှအစီအစဉ်တိုင်း ပြည့်စုံအောင်မြင်ပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ဦးဆောင်ရာတွင် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် အကျိုးဖြစ်ထွန်းသော ပူးပေါင်းဆောင်ရွက်မှုများအတွက် ကတိကဝတ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

**အေ အေ တာရာ့နီကော့ဗ်**

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့လာပါသည်။

**မင့်စ်မြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**

**အဆွေတော်၊**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် အဆွေတော် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် ဘယ်လာရုစ်ပြည်သူများကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

အဆွေတော်၏ ကြွယ်ဝသောအတွေ့အကြုံ၊ ကျွမ်းကျင်ပိုင်နိုင်မှုနှင့် အရည်အသွေးများသည် မြန်မာနိုင်ငံကို အဆွေတော် ဦးဆောင်ရာတွင် နိုင်ငံတည်ငြိမ်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးတို့ကို အောင်မြင်စွာ စွမ်းဆောင်နိုင်မည်ဟု မိမိယုံကြည်ပါသည်။

ပြီးခဲ့သည့်နှစ်အတွင်းက ဘယ်လာရုစ်-မြန်မာ ဆက်ဆံရေး၏ တက်ကြွစွာ သက်ဝင်လှုပ်ရှားနေမှုများကို မိမိအနေဖြင့် ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ နိုင်ငံတော်အဆင့်နှင့် အဆင့်မြင့်ပုဂ္ဂိုလ်များ၏ ခရီးစဉ်များ၊ နိုင်ငံတကာမျက်နှာစာတွင် ထိတွေ့ဆက်ဆံမှုများ၊ နှစ်နိုင်ငံအခမ်းအနားများ၊ လက်မှတ်ရေးထိုးခဲ့သော စာချုပ်စာတမ်းများသည် နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် အခြားနယ်ပယ်များ၌ နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရာတွင် အခွင့်အလမ်းသစ်များကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံနှင့် ဆက်ဆံရေးပိုမိုတိုးမြှင့်နိုင်ရေးအတွက် မိမိတို့အကြား သဘောတူညီချက်များကို အကောင်အထည်ဖော်မည့် ဘယ်လာရုစ်နိုင်ငံ၏ ကတိကဝတ်ကို မိမိအနေဖြင့် အတည်ပြုပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား အရေးကြီးကိစ္စရပ်များကို ဆွေးနွေးရန် ထပ်မံတွေ့ဆုံခွင့်မျှော်လင့်လျက်ရှိပါသည်။

အခွင့်ကြုံခိုက် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ပြည်သူများ၏အကျိုးအတွက် တာဝန်များထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**အလက်ဇန္ဒား လူကာရှန်ကို**

---

ဦးညိုစော အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

---

ဒေါ်နန်းနီနီအေး အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဒုတိယသမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဒုတိယသမ္မတ မစ္စတာ ဟန်ကျန့် ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခဲ့ပါသည်။



## ကျောင်းကုန်းမြို့၌ အလက(ခွဲ)(ဆင်ကူး) နှစ်ထပ်ကျောင်းဆောင်သစ် ဖွင့်လှစ်

**ကျောင်းကုန်း မေ ၃**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဆင်ကူးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ မြို့နယ်ပညာရေးမှူး ဦးကျော်လှိုင်၊ အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်ထွန်း၊ ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးအုန်းလွင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးအောင်မျိုးထွဋ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါကျောင်းဆောင်သစ်သည် အလျား ပေ ၁၃၀၊ အနံ ပေ ၃၀၊ RCC နှစ်ထပ်ဖြစ်ပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၆၆၀ ဒသမ ၄၈၀ သန်းဖြင့် Winner Star ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ကာ ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



**ပုသိမ် မေ ၃**

တတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ လွှတ်တော်ကော်မတီ (၃)ရပ်ကို အတည်ပြုဖွဲ့စည်းခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးခင်မောင်ဝင်း အိမ်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) အပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ်ကိုးဦးဖြင့်လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများ၊ တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးကျော်ဝင်းနိုင် လေးမျက်နှာမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) အပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ်ကိုးဦးဖြင့် လည်းကောင်း၊ တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌအဖြစ် နန့်အေးအေးကြူ ငပုတော မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) အပါအဝင် အဖွဲ့ဝင်ကိုယ်စားလှယ်ကိုးဦးဖြင့်လည်းကောင်း ဖွဲ့စည်းကြောင်းကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ တင်ပြရာ လွှတ်တော်က အတည်ပြုရန် သဘောတူသဖြင့် လျာထားသတ်မှတ်ချက်ပါအတိုင်း ကော်မတီသုံးရပ်ကို ဖွဲ့စည်းတာဝန် ပေးအပ်ပြီးနောက် ကော်မတီ(၃)ရပ်မှ ဥက္ကဋ္ဌတို့က မိမိနှင့်သက်ဆိုင်သည့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ**
**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၅၂ / ၂၀၂၆ )**
**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်**
**(၂၀၂၆ခုနှစ်၊ ဧပြီလ ၃ ရက်)**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂ တွင် –

(က) ပုဒ်မခွဲ (ည)ကို အောက်ပါအတိုင်းအစားထိုးရမည်–

"(ည) **စတော့အိပ်ချိန်း** ဆိုသည်မှာ ယင်း၏ စံသတ်မှတ်ချက်များနှင့် ကိုက်ညီသော ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စနစ်တကျ ဖွဲ့စည်းတည်ထောင်ထားသော ဈေးကွက်ကို ဆိုသည်။"

( ခ ) ပုဒ်မခွဲ(ဏ)၏ နောက်တွင် (တ)(ထ)(ဒ)၊(ဓ)နှင့် (န)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(တ) **မှတ်ပုံတင်အကြံပေးကုမ္ပဏီ** ဆိုသည်မှာ စာရင်းဝင်အကြိုဈေးကွက်တွင် ကုမ္ပဏီများ မှတ်ပုံတင်ရန် အကြံပေးအဖြစ် ဆောင်ရွက်ခွင့်ရရှိထားသော ကုမ္ပဏီကို ဆိုသည်။

(ထ) **ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ(Credit Rating Agency)** ဆိုသည်မှာ ငွေချေးစာချုပ်များထုတ်ဝေမည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ၏ ကြွေးမြီပေးဆပ်နိုင်မှု အခြေအနေကို အကဲဖြတ်၍ အဆင့်သတ်မှတ်ပေးသည့် ကုမ္ပဏီကို ဆိုသည်။

( ဒ ) **စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်(Collective Investment Scheme)**ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူများ၏ ရန်ပုံငွေများကိုစုစည်း၍ အကျိုးအမြတ်ရရှိရန် ရည်ရွယ်ချက်ဖြင့် ကျွမ်းကျင်သည့် ရန်ပုံငွေစီမံခန့်ခွဲသူများက ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားငွေချေးစာချုပ်များကဲ့သို့ ပိုင်ဆိုင်မှုများတွင် ရင်းနှီးမြှုပ်နှံပေးသည့် အစီအစဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အကျိုးတူရန်ပုံငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ယုံကြည်အပ်နှံမှုရန်ပုံငွေ သို့မဟုတ် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သည့် အခြားရန်ပုံငွေများကို ရင်းနှီးမြှုပ်နှံပေးသည့် အစီအစဉ်လည်း ပါဝင်သည်။

( ဓ ) **စာရင်းဝင်အကြိုဈေးကွက်(Pre Listing Board)**ဆိုသည်မှာ စတော့အိပ်ချိန်းတွင် စာရင်းဝင်ဆိုင်ရာ စံသတ်မှတ်ချက်များပြည့်မီရန် လိုအပ်ချက်များရှိနေသော အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီများ၏ ငွေချေးသက်သေခံ လက်မှတ်များကို သီးခြားစံသတ်မှတ်ချက်ဖြင့် မှတ်ပုံတင်ပြီး ရောင်းဝယ်ခွင့်ပြုသည့် ဈေးကွက်ကို ဆိုသည်။

( န ) **ဆင့်ပွားစာချုပ်ဈေးကွက်(Derivatives Market)**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များနှင့် ယင်းတို့၏ ဈေးကွက်အညွှန်းကိန်းများ၊ အတိုးနှုန်းများနှင့် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းများ၏ တန်ဖိုးများအပေါ် အခြေခံ၍ ချုပ်ဆိုထားသော စာချုပ်များကို ထပ်ဆင့်ရောင်းဝယ်သည့် ဈေးကွက်ကို ဆိုသည်။"

( ဂ ) မူလပုဒ်မခွဲ(တ)၊ (ထ)နှင့် (ဒ) တို့ကို ပုဒ်မခွဲ (ပ)၊ (ဖ) နှင့် (ဗ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၁၀ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၁၀။ ကော်မရှင်သည်–

(က) အကျိုးတူရန်ပုံငွေ၊ ပုဂ္ဂလိကရန်ပုံငွေ၊ ယုံကြည်အပ်နှံမှုရန်ပုံငွေ သို့မဟုတ် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်သည့် အခြားရန်ပုံငွေများကို စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်သော စံသတ်မှတ်ချက်များကို သတ်မှတ်ပေးရမည်။

( ခ ) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက စုပေါင်းရင်းနှီးမြှုပ်နှံမှုအစီအစဉ်ကို ခွင့်ပြုနိုင်သည်။"

၄။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၁ တွင်–

(က) ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(ဂ) ဤဥပဒေအရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ရန် ဆောင်ရွက်ခွင့်ပြုထားသော စတော့အိပ်ချိန်းနှင့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ရန် လိုင်စင်ရရှိထားသည့်ကုမ္ပဏီများကို လိုအပ်သလို ညွှန်ကြားနိုင်သည်။"

( ခ ) ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(င) နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားက လူပုဂ္ဂိုလ်တစ်ဦးချင်းစီဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း ဖွဲ့စည်း၍ ဖြစ်စေ ရင်းနှီးမြှုပ်နှံသူများ၏ ငွေချေးသက်သေခံလက်မှတ် အရောင်းအဝယ်ဆောင်ရွက်ခြင်းအား သတ်မှတ်ချက်နှင့်အညီ ခွင့်ပြုနိုင်သည်။"

( ဂ ) မူလပုဒ်မခွဲ(င)ကို ပုဒ်မခွဲ(စ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၅။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၁၂ တွင်–

(က) ပုဒ်မခွဲ(ဂ)တွင် ပါရှိသော "ကောင်တာဈေးကွက်"ဆိုသည့် စကားရပ်၏ နောက်တွင် "၊ စာရင်းဝင်အကြိုဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

( ခ ) ပုဒ်မခွဲ(ဃ)၏ နောက်တွင် ပုဒ်မခွဲ(င)နှင့် (စ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"(င) ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့် အေဂျင်စီ၊

(စ) မှတ်ပုံတင်အကြံပေးကုမ္ပဏီ၊"

( ဂ ) မူလပုဒ်မခွဲ(င)နှင့် (စ)တို့ကို ပုဒ်မခွဲ(ဆ)နှင့်(ဇ)တို့အဖြစ် ပြန်လည်အမှတ်စဉ်ပြီး ပြန်လည်အမှတ်စဉ်ထားသော ပုဒ်မခွဲ(ဆ)တွင်ပါရှိသော "ကောင်တာဈေးကွက်"ဆိုသည့် စကားရပ်၏ နောက်တွင် "၊စာရင်းဝင်အကြိုဈေးကွက်၊ဆင့်ပွားစာချုပ်ဈေးကွက်၊ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ၊ မှတ်ပုံတင်အကြံပေးကုမ္ပဏီ"ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

၆။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၂၇ ၏ နောက်တွင် ပုဒ်မ ၂၇–က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"၂၇–က။ ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့် အခြားလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလုပ်ကိုင်လိုသည့်ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လိုင်စင်လျှောက်ထားနိုင်သည်။"

၇။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၂၈ ပုဒ်မခွဲ(က)တွင် ပါရှိသော "ပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ၂၇ ဆိုသည့်စကားရပ်ကို "ပုဒ်မ ၂၆ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၂၇ နှင့် ပုဒ်မ ၂၇–က" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၅ ကို အောက်ပါအတိုင်း အစားထိုးရမည်–

"၃၅။ (က) ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေလိုသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် –

(၁) ငွေချေးစာချုပ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များပါဝင်သည့် အကြောင်းအရာအကျဉ်းချုပ်ကို ကြွေးမြီပေးဆပ်နိုင်ခြေအဆင့်သတ်မှတ်သည့်အေဂျင်စီ၏ အဆင့်သတ်မှတ်ချက်နှင့်အတူ ကော်မရှင်သို့ တင်ပြရမည်။

(၂) ငွေချေးစာချုပ်များမှတစ်ပါး ကျန်ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ အလားအလာညွှန်းတမ်းနှင့် ထုတ်ဝေခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များပါဝင်သော အကြောင်းအရာအကျဉ်းချုပ်တို့ကို ကော်မရှင်သို့ တင်ပြရမည်။

(၃) စတော့အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်သော ကုမ္ပဏီဖြစ်ပါက ငွေချေးသက်သေခံလက်မှတ်များကို ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ လက်ရှိအစုရှယ်ယာရှင်များသို့ အချိုးကျထည့်ဝင်ခွင့်ပေးခြင်း(Rights Issue)ဖြင့် ကမ်းလှမ်းရောင်းချသည့်အခါ ကမ်းလှမ်းရောင်းချမှုဆိုင်ရာ စာရွက်စာတမ်း(Offering Letter)အား ကော်မရှင်သို့ ကြိုတင်တင်ပြရမည်။

(၄) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏ အရေးကြီးသော အချက်အလက်များ ပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

( ခ ) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၁) သို့မဟုတ် (၂)အရ တင်ပြချက်အပေါ် ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း ဆုံးဖြတ်ပေးရမည်။"

၉။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(က) စတော့အိပ်ချိန်းသည် ပေးရန်တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီဖြစ်စေ၊ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းတည်ထောင်ထားသောကုမ္ပဏီဖြစ်စေ သင်းဖွဲ့စည်းမျဉ်းနှင့်စတော့အိပ်ချိန်း၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတို့နှင့်အညီ ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည်။"

၁၀။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"( ခ ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေသည့် ကုမ္ပဏီအား လိုအပ်သည့်စံများ သတ်မှတ်ခြင်း၊"

၁၁။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၈) ခေါင်းစဉ်၊ ပုဒ်မ ၄၄၊ ၄၅ နှင့် ၄၆ တို့ကို အောက်ပါအတိုင်းအစားထိုးရမည်–

**"အခန်း(၈)**

**စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်**

၄၄။ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်တစ်ရပ်ရပ် တည်ထောင်လိုသည့်ကုမ္ပဏီသည် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားနိုင်သည်။

၄၅။ ကော်မရှင်သည်–

(က) ပုဒ်မ ၄၄ အရ လျှောက်ထားချက်အပေါ် ခွင့်ပြုရန် သင့် မသင့် စံသတ်မှတ်ချက်များနှင့် အညီ စိစစ်ရမည်။

( ခ ) ပုဒ်မခွဲ(က)အရ စိစစ်ပြီးနောက် စံသတ်မှတ်ချက်များနှင့် ကိုက်ညီပါက တည်ထောင်ခွင့်ပြုခြင်း သို့မဟုတ် ကိုက်ညီခြင်းမရှိပါက ငြင်းပယ်ခြင်း ပြုနိုင်သည်။

၄၆။ ကော်မရှင်၏ ခွင့်ပြုချက်အရ တည်ထောင်ခွင့်ပြုထားသည့် ဈေးကွက်များသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိသည်။"

၁၂။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၄၇ နှင့် ၄၈ တို့တွင် ပါရှိသော "ကောင်တာဈေးကွက်"ဆိုသည့် စကားရပ်ကို "စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက်နှင့် ဆင့်ပွားစာချုပ်ဈေးကွက်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ ပုဒ်မ ၅၅ ပုဒ်မခွဲ (ခ)နှင့် (ဂ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်–

**စာမျက်နှာ ၆ သို့ »»»**

»»» စာမျက်နှာ ၅ မှ

"(ခ) ကော်မရှင်၏ ခွင့်ပြုမိန့်မရရှိဘဲ စတော့အိပ်ချိန်း၊ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက် သို့မဟုတ် ဆင့်ပွားစာချုပ်ဈေးကွက်ကို ဖွဲ့စည်းတည်ထောင်ခြင်း၊ အဆိုပါစတော့အိပ်ချိန်း၏လုပ်ငန်းများ သို့မဟုတ် ဈေးကွက်တစ်ခုခု၏ လုပ်ငန်းများ သဘောသက်ရောက်သော လုပ်ငန်းများဆောင်ရွက်ခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့်ရရှိထားသော စတော့အိပ်ချိန်း၊ စာရင်းဝင်အကြိုဈေးကွက်၊ ကောင်တာဈေးကွက် သို့မဟုတ် ဆင့်ပွားစာချုပ်ဈေးကွက်၏ အမည်ကို ခွင့်ပြုချက်မရရှိဘဲ အသုံးမပြုရ သို့မဟုတ် အဆိုပါ စတော့အိပ်ချိန်း သို့မဟုတ် ဈေးကွက်တစ်ခုခု၏ အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ခြင်းမပြုရ။"

၁၄။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၅၇၊ ၅၉၊ ၆၃ နှင့် ၆၅ တို့တွင်ပါရှိသော "ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ" ဆိုသည့် စကားရပ်ကို "ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရရှိထားသည့်ကုမ္ပဏီ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၅၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၈။ မည်သည့် ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်၏ ဝန်ထမ်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရရှိထားသည့် ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်၊ ယင်းကုမ္ပဏီ၏ ဝန်ထမ်းမျှ မိမိတို့၏ လုပ်ငန်းတာဝန်များဆောင်ရွက်စဉ် ရရှိသောသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမသက်ဆိုင်သူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုရ။"

၁၆။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၆၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၄။ မည်သည့်ကော်မရှင်အဖွဲ့ဝင်၊ ကော်မရှင်၏ ဝန်ထမ်း၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ရရှိထားသည့် ကုမ္ပဏီ၏ တာဝန်ရှိပုဂ္ဂိုလ်၊ ယင်းကုမ္ပဏီ၏ ဝန်ထမ်းမဆို ပုဒ်မ ၅၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၃ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**

**( အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် ၅၃ / ၂၀၂၆ )**

**၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်**

**(၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်)**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အပင်ပိုးမွှားကာကွယ်သည့်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့တွင်ပါရှိသော **"လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေတွင်ပါရှိသော **"မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း"**ဆိုသည့် စကားရပ်ကို **"စိုက်ပျိုးရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ဦးဆောင်ညွှန်ကြားရေးမှူး"** ဆိုသည့် စကားရပ်ကို **"ညွှန်ကြားရေးမှူးချုပ်"** ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၁၆ တွင် ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၅ သိန်း"မှ အများဆုံးကျပ် "၂၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂၅ သိန်း" မှ အများဆုံးကျပ် "သိန်း ၅၀" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း။

၅။ အပင်ပိုးမွှားကာကွယ်သည့်ဥပဒေပုဒ်မ ၁၇ တွင် ပုဒ်မခွဲ (က) နှင့် (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၂ သိန်း ၅ သောင်း"မှ အများဆုံးကျပ် "၁၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်းဖြစ်ပါက အနည်းဆုံးကျပ် "၁၅ သိန်း" မှ အများဆုံး ကျပ်"၂၅ သိန်း" အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၇) သင်တန်းဆင်းပွဲ ကျင်းပ




**နေပြည်တော် ဧပြီ ၃**

အရာရှိလောင်း ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၇)သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်းကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီး ဦးဇော်ဝင်းထွန်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်၊ ကျောင်းအုပ်ကြီး ဦးဇော်ဝင်းထွန်းက ကျောင်းဆင်းတပ်ခွဲကို စစ်ဆေးပြီး စစ်ရေးပြတပ်ခွဲများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်း ကောလိပ်၊ ကျောင်းအုပ်ကြီးက ကုန်သွယ်ရေကြောင်းအရာရှိလောင်း ဒီပလိုမာသင်တန်းတွင် ထူးချွန်ဆုရရှိခဲ့ကြသော စံပြအရာရှိလောင်း (ရေကြောင်း)ဆုရ ပိုင်ဖြိုး၊ စံပြအရာရှိလောင်း (အင်ဂျင်နီယာ) ဆုရရဲသွေးနိုင်၊ စံပြအရာရှိလောင်း (လျှပ်စစ်နည်းပညာ) ဆုရ အရာရှိလောင်း အောင်ကောင်းမြတ်၊ ကုန်သွယ်ရေကြောင်း အရာရှိလောင်း စာပေထူးချွန်ဆုရ ချမ်းမြေ့ကျော်၊ အင်ဂျင်နီယာ အရာရှိလောင်း စာပေထူးချွန်ဆုရ စည်သူနိုင်၊ လျှပ်စစ်နည်းပညာ အရာရှိလောင်း စာပေထူးချွန် ဆုရ စိုင်းကောင်းသန့်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ထူးချွန်ဆုရ အရာရှိလောင်းခြောက်ဦးနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံဂုဏ်ပြုအမှာစကားပြောကြားသည်။

ဆက်လက်၍ ဘွဲ့နှင်းသဘင် အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ကောလိပ် ကျောင်းအုပ်ကြီးက ရေကြောင်းအရာရှိလောင်း ၁၂၄ ဦး၊ ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း၁၁၇ဦး၊ရေကြောင်း လျှပ်စစ်နည်းပညာအရာရှိလောင်း ၃၇ ဦး စုစုပေါင်း ၂၇၈ ဦးတို့ကို ဒီပလိုမာလက်မှတ်နှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ကုန်သွယ်ရေကြောင်း အရာရှိလောင်း ဒီပလိုမာသင်တန်း စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၆၃ ခုနှစ်မှ ယနေ့အထိ ၆၃ နှစ်တာကာလအတွင်း ရေကြောင်းအရာရှိလောင်း ၃၀၆၈ ဦး၊ ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်းနှင့် ရေကြောင်း လျှပ်စစ်နည်းပညာ အရာရှိလောင်း ၃၀၅၉ ဦး စုစုပေါင်းအရာရှိလောင်း ၆၁၂၇ ဦး၊ ရေကြောင်းအရာရှိ ၈၇၄၅၄ ဦး၊ အင်ဂျင်နီယာအရာရှိ ၂၉၅၇၂ ဦးနှင့် အခြားအဆင့်သင်တန်းသား ၁၆၄၂၉၉ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ကာ ယနေ့အထိ ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူစုစုပေါင်း ၂၈၇၄၅၂ ဦးတို့ကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ သင်တန်းပြီးမြောက်ခဲ့သည့် အရာရှိလောင်းများအနက် လက်ရှိအချိန်တွင် ရေယာဉ်မှူးကြီး (Captain) အဆင့် ၇၂၁ ဦး၊ ကုန်းပတ်အရာရှိချုပ်(Chief Officer)အဆင့် ၇၀၁ ဦး၊ ဒုတိယတန်းကုန်းပတ်အရာရှိ (Second Officer)အဆင့် ၆၅၂ ဦး၊ တတိယတန်း ကုန်းပတ်အရာရှိ (Third Officer)အဆင့် ၈၅၉ ဦးနှင့် အင်ဂျင်နီယာမှူးကြီး (Chief Engineer) အဆင့် ၆၈၅ ဦး၊ ဒုတိယတန်း စက်မှုလက်မှုအရာရှိ ($2^{nd}$ Engineer)အဆင့် ၆၇၂ ဦး၊ တတိယတန်း စက်မှုလက်မှုအရာရှိ ($3^{rd}$ Engineer) အဆင့် ၁၅၃၅ ဦးတို့သည် နိုင်ငံတကာ သင်္ဘောများပေါ်တွင် အမြင့်ဆုံးရာထူးဖြင့် တာဝန်များ ထမ်းဆောင်လျက် ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ်(၃၄)သင်တန်းဆင်းပွဲနှင့် ကျမ်းသစ္စာပြုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဧပြီ ၃**

ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းဆင်းပွဲနှင့် ကျမ်းသစ္စာပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ Judicial College ၌ ကျင်းပရာ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။



ထို့နောက် ဒုတိယမြို့နယ် တရားသူကြီးများ လုပ်ငန်းဝင် သင်တန်း အမှတ်စဉ်(၃၄)၊ ကင်းဝန်အသင်း၊ ယောအသင်း၊ ဦးမေအောင်အသင်း၊ ဒေါက်တာဘဦးအသင်းတို့တွင် အသင်းလိုက်ဆုများရရှိသည့် သင်တန်းသား သင်တန်းသူများအား ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများက လည်းကောင်း၊ လုပ်ငန်းဝင်သင်တန်း စံပြဆုရရှိသူ ဒေါ်မျိုးမို့မို့ဇင်အား ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ဒုတိယမြို့နယ် တရားသူကြီးများ သင်တန်းဆင်းမှတ်တမ်းလွှာများကို သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသား တစ်ဦးအား ပြည်ထောင်စု တရားသူကြီးချုပ်က ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ (ဂ) ပုဒ်မခွဲငယ် (၁) အရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သည် တရားသူကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်း ခံရသူများအား တရားသူကြီးအဖြစ် စတင်တာဝန်ပေးသည့် အချိန်တွင် ကျမ်းသစ္စာ သို့မဟုတ် ကတိသစ္စာပြုရန် စီစဉ်ဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းချက်နှင့်အညီ ဒုတိယမြို့နယ်တရားသူကြီးများအဖြစ် စတင် တာဝန်ထမ်းဆောင်ကြမည့် ဒုတိယမြို့နယ်တရားသူကြီးများ လုပ်ငန်းဝင်သင်တန်း အမှတ်စဉ် (၃၄) သင်တန်းသား သင်တန်းသူများက "ကျွန်တော်/ကျွန်မတို့သည် တရားသူကြီး/တရားရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်တည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်ပါမည်။ ထို့ပြင် တရားစီရင်ရေးလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရာတွင် တရားသူကြီးများ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းပြီး မှုခင်းကိစ္စများကို အဂတိတရားလေးပါး ကင်းစင်စွာဖြင့် ဥပဒေနှင့်အညီ တရားမျှတ မှန်ကန်စွာ စစ်ဆေးစီရင် ဆုံးဖြတ်ပါမည်ဟု လေးနက်တည်ကြည်စွာ ကျမ်းသစ္စာပြုလျက် ကြေညာပါသည်" ဟု ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ရှေ့မှောက်တွင် လေးနက်တည်ကြည်စွာ ကျမ်းသစ္စာပြုကြသည်။

အခမ်းအနားသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆင်း ဒုတိယမြို့နယ် တရားသူကြီးများ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ဇန်နဝါရီ ၅ ရက်မှ ဧပြီ ၃ ရက်အထိ သုံးလကြာမြင့်ခဲ့ကြောင်းနှင့် သင်တန်းသား သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လူနာတစ်ဦးချင်းစီ၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။



ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်းကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဧပြီ ၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲအိတ်များ၊ ရေပုံးများ၊မီးသတ်ဆေးဘူးစသည့် မီးဘေးကာကွယ်ရေးပစ္စည်းများကို အဆင်သင့်ထားရှိရေး၊ လောင်စာဆီများသိုလှောင်ထားခြင်းမပြုရန်၊ တပ်ဆင်ထားသည့် ဟောင်းနွမ်းနေသော လျှပ်စစ်ဝိုင်ယာကြိုးများနှင့် ပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုကြရန်၊ မီးကွင်း၊ မီးကျန်များကို စနစ်တကျမီးငြိမ်းသတ်ကြရန်နှင့် မတော်တဆ မီးလောင်မှုဖြစ်ပွားပါက ပြည်သူများကိုယ်တိုင်မီးငြိမ်းသတ်နိုင်သည့် နည်းစနစ်များ၊ မီးဘေးအန္တရာယ်ကြုံတွေ့ချိန်တွင် အသက်အန္တရာယ် မထိခိုက်စေရေး ဆောင်ရွက်ရမည့်အချက်များနှင့် မီးလောင်ပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ ဆက်သွယ်ရမည့် ဖုန်းနံပါတ်စသည်တို့ကို စစ်ဆေးအကြံပြုလမ်းညွှန်မှာကြားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း ဧပြီ ၃ ရက် နံနက်ပိုင်းက မကျည်းတန်း မြောက်/အရှေ့၊ မကျည်းတန်း တောင်/ အနောက်ရပ်ကွက်တို့ရှိ နတ်စင်လမ်း(အောက်)၊ စလင်းလမ်း၊ မယ်ဇလီပင်လမ်း၊ ရွှေလှိုင်လမ်းတို့မှ လူနေအိမ်များနှင့် အထပ်မြင့်တိုက်ခန်းများမှ အိမ်ထောင်စု ၇၅ စုသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကိုကိုလတ်တို့ ဦးဆောင်သည့် တာဝန်ရှိသူများက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အသင်း/အဖွဲ့များက အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်များ ထုတ်ပြန်

**နေပြည်တော် ဧပြီ ၃**

၂၀၂၆ ခုနှစ် ဧပြီ ၃ ရက်တွင် ကျင်းပသည့် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲ၌ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး ပါဝင်သော နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)၊ မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်(Federation of MLCA)၊ မြန်မာ-လာအို ချစ်ကြည်ရေးအသင်း၊ မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး အသင်း၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်း၊ မြန်မာ-တရုတ် ဗုဒ္ဓဘာသာချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့(MCBFEA)၊ လူမျိုးပေါင်းစုံညီညွတ်ရေးနှင့် အကျိုးဆောင်အဖွဲ့(IUCO)၊ ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့၊ မြန်မာ-တရုတ် အမျိုးသမီးများအသင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်း (ဗဟို)၊ "ဝ"ပြည် သွေးစည်းညီညွတ်ရေးပါတီ ဗဟိုကော်မတီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟေးလုံကျန်းကုန်သည်ကြီးများအသင်းချုပ်၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA(ဗဟို)တို့က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့ကြသည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်များတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက်အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ နိုင်ငံတော်သမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း စသည်ဖြင့် ပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-လာအို ချစ်ကြည်ရေးအသင်း**

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင်ကျင်းပပြုလုပ်သည့် တတိယအကြိမ်ပြည်ထောင်စုလွှတ်တော်နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရပါသော ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်းမှအထူးလေးစား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ယင်းသို့ နိုင်ငံတော်သမ္မတတာဝန်ကို အပ်နှင်းခံရခြင်းသည် နိုင်ငံတော်၊ ပြည်သူလူထုနှင့် တပ်မတော်အကျိုး၊ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်အကျိုးပြု၍ ခေါင်းဆောင်မှုပေးနိုင်သည်ကို ထူးကဲထင်ရှားစွာ တွေ့မြင်နိုင်ပါသဖြင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ ဆက်လက်ထမ်းဆောင်နိုင်ပါစေရန် ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။

**မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုအပ်ပါသည်။

**ဘာသာပေါင်းစုံမိတ်ဆွေများအဖွဲ့**

## အထူးဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကာ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာတမီလ်ဟိန္ဒူဖောင်ဒေးရှင်း(ဗဟို)**

## အထူးဝမ်းမြောက်ဂုဏ်ပြုကြောင်း

၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်တွင် ကျင်းပသည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ထားသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-အိန္ဒိယ-တရုတ် ပူးပေါင်းဆောင်ရွက်ရေးနှင့်**
**စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာ-တရုတ် ဗုဒ္ဓဘာသာ**
**ချစ်ကြည်နီးနှောဖလှယ်ရေးအဖွဲ့(MCBFEA)**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းပြီး နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**မြန်မာ-တရုတ်အမျိုးသမီးများအသင်း**

## အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ**
**ဟေးလုံကျန်းကုန်သည်ကြီးများအသင်းချုပ်**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါသည်။ ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းဂါရဝပြုအပ်ပါသည်။

**မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်း**

## ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာကျန်းမာစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုဂါရဝပြုအပ်ပါသည်။

**လူမျိုးပေါင်းစုံညီညွတ်ရေးနှင့်အကျိုးဆောင်အဖွဲ့(IUCO)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံကာ နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

**မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ရေးအဖွဲ့ အစည်းအဝေး၌ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန်နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို သမ္မတကြီးအဖြစ် ရွေးချယ်ခံရသည့်အတွက် အသင်းကြီးအနေဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုပါကြောင်း။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂါရဝပြုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ပိုမိုစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။

**မြန်မာ-တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုမြှင့်တင်ရေးအသင်း (MCITP)**

## အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုလွှတ်တော်က တစ်ခဲနက်မဲပေးရွေးချယ်တင်မြှောက်ခဲ့သည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အမိမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ပါစေကြောင်းဆန္ဒပြုအပ်ပါသည်။

**မြန်မာနိုင်ငံလိုင်စင်ရကုန်ထရိုက်တာများအသင်းချုပ်(Federation of MLCA)**

# အမည်မည်းစာရင်းကြေညာခြင်း

၁။ နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားသုံးငွေများ ဝင်ရောက်လာသည့် အဓိကလမ်းကြောင်းဖြစ်သော ပို့ကုန်တင်ပို့မှုမှ ရငွေများအပြည့်အဝရရှိရန်မှာ အဓိကကျသည့် အချက်ဖြစ်သဖြင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၃၈-ခနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုစည်းမျဉ်း အပိုဒ်-၃၅၊ အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၂၃ တို့တွင် အာရှနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၃၀) ရက်အတွင်း အာရှနိုင်ငံများမှအပ အခြားနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ပါက ပို့ကုန်တင်ပို့သည့်နေ့မှ (၆၀) ရက်အတွင်း ပို့ကုန်တင်ပို့သူ၏ မြန်မာနိုင်ငံအတွင်းရှိ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားငွေဖြင့် မပျက်မကွက် ထည့်သွင်းရန်ဖြစ်ကြောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ (FEML) အခန်း (၁၁)၊ ပုဒ်မ ၃၈-ခ တွင် "မည်သူမျှ ပို့ကုန်ရငွေအားလုံးကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်အတွင်းရှိ ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ" ဟုလည်းကောင်း၊ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက FEML ပုဒ်မ ၄၂-က အရ "ထိုသူကို တစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသဖြင့် ပို့ကုန်တင်ပို့သူများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများ ပြန်လည်ဝင်ရောက်ရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ (၁-၁-၂၀၂၁) ရက်နေ့မှ (၃၁-၃-၂၀၂၅) ရက်နေ့အထိ ကာလအတွင်း ပို့ကုန်တင်ပို့ခဲ့သည့် ပို့ကုန်လုပ်ငန်းရှင်များသည် ပို့ကုန်ရငွေများကို သတ်မှတ်ကာလအတွင်း ယင်း၏ ဘဏ်ငွေစာရင်းသို့ နိုင်ငံခြားသုံးငွေဖြင့် မပျက်မကွက် ပြန်လည်ထည့်သွင်းစေရေးအတွက် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် AD လိုင်စင်ရဘဏ်များ ပူးပေါင်း၍ ဆက်သွယ်ခေါ်ယူ စာရင်းရှင်းလင်းခဲ့ပြီးနောက် စာရင်းရှင်းလင်းခြင်းမရှိသည့် ကုမ္ပဏီများအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ပိတ်သိမ်းခြင်းကို ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၄။ (၂၆-၃-၂၀၂၆) ရက်နေ့ စိစစ်ချက်အရ (၁-၁-၂၀၂၁) ရက်နေ့မှ (၃၁-၃-၂၀၂၅) ရက်နေ့အထိ ကာလအတွင်း ပို့ကုန်တင်ပို့ခဲ့ပြီး ပို့ကုန်ရငွေပြန်လည်ဝင်ရောက်ရန် ကျန်ရှိသည့် ပူးတွဲပါကုမ္ပဏီ (၂၈၇) ခုသည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၊ စည်းမျဉ်း၊ အမိန့်ကြော်ငြာစာတို့ပါ သတ်မှတ်ချက်များအား လိုက်နာခြင်းမရှိသဖြင့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်များအား အမည်မည်းစာရင်း ထည့်သွင်းကြောင်း ကြေညာပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်
(၃-၄-၂၀၂၆)

## ၁-၁-၂၀၂၁ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ ပို့ကုန်ရငွေ အပြည့်အဝပြန်လည်ဝင်ရောက်ခြင်းမရှိသည့် ကုမ္ပဏီ ၂၈၇ ခု စာရင်း

| စဉ် | ကုမ္ပဏီအမည် | ဒါရိုက်တာအဖွဲ့ဝင်များ၏အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | ကုမ္ပဏီလိပ်စာ |
|---|---|---|---|---|
| ၁ | ACCESS COMMUNICATION AND ECO STATE (MYANMAR) CO., LTD | U Kyaw Soe Min | 12/MAYAKA(N) 002321 | 40TH STREET (LOWER BLOCK), NO. 150, NO.9 QUARTER, KYAUKTADA TOWNSHIP, YANGON REGION |
| | | U Shwe Ba | 12/LAMATA(N) 008415 | |
| | | Mr. Wong Heng Fatt | A52238489 | |
| ၂ | ADP INTERNATIONAL TRADING CO., LTD | Mr. Jiang Bin | EB3548271 | NO (22/24), 52 STREET, ROOM (701/C), BOTAHTAUNG TOWNSHIP, YANGON REGION |
| | | U Myo Ko | 12/THAKHANA(N) 151987 | |
| ၃ | ALLIANCE ONE MYANMAR COMPANY LIMITED. | Mr. Leandro Bitencourt Da Silveira | YE415874 | CORNER OF MAHABANDOOLA ROAD AND THEIN PHYU ROAD, UNIT 08-03, UNION FINANCIAL CENTRE (UFC), BOTAHTAUNG TOWNSHIP, YANGON REGION |
| | | Mr. Someswara Rao Musti | Z5222345 | |
| | | Ms. Kee Moei Choo (Sandy) | K4553692E | |
| | | Ms. Law Hoi Yan | K0028781P | |
| | | U Aung Moe Kyaw | 12/MAYAKA(N) 106397 | |
| ၄ | Alpha Nine Co., Ltd | U Tin Aung | 12/THAKHANA(N) 123828 | NO(14/A), ARIYA MA GIN STREET, 14 QUARTER, YANKIN TOWNSHIP, YANGON REGION |
| ၅ | AMIN CO., LTD | Daw Hla Hla Aye | 12/DAGATA(N) 156015 | MYANMA GON YI STREET, NO. 143, 1ST FLOOR, MINGALAR TAUNG NYUNT TOWNSHIP, YANGON REGION |
| | | U Kyaw Win | 12/DAGATA(N) 157275 | |
| ၆ | ANGEL SWEET & SMILE TRADING COMPANY LIMITED. (ယခင်ကုမ္ပဏီအမည်) @ KAUNG SATT PAING TRADING COMPANY LIMITED (ယခုကုမ္ပဏီအမည်) | U Kyaw Swar Thein | 12/OUKATA(N) 001006 | KYAIKKASAN ROAD, NO. 130, TAMWE TOWNSHIP, YANGON REGION |
| | | U Zin Thu Aung | 12/YAKANA(N) 068136 | |
| | | U Ba Than | 3/PHAPANA(N) 013424 | |
| ၇ | Anona Aesthetic International Co., Ltd | Daw Thandar Win | 12/LAMATA(N) 022442 | GANDAMAR STREET, NO. 57, 5 FLOOR A, SANCHAUNG TOWNSHIP, YANGON REGION |
| ၈ | ARY INTERNATIONAL TRADING COMPANY LIMITED | U A.R.Y Nanabawa | 12/PABATA(N) 006171 | KONZAYDAN ROAD, NO. 126/130, PABEDAN TOWNSHIP, YANGON |
| | | Daw Hawa Bi Bi | 12/PABATA(N) 007899 | |
| | | U Maung Mehmood | 12/PABATA(N) 002580 | |
| | | Daw Zun Zar Win Maung | 12/PABATA(N) 034756 | |
| ၉ | ASIA SHINE WAY ALUMINIUM COMPANY LIMITED. | Daw Shwe Yee Win | 12/DAGAHSA(N) 016370 | GANDAWUN STREET, NO. 43, HLAING THAR YAR INDUSTRIAL ZONE (5), WARD (17), HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Ye Wai | 12/DAGAHSA(N) 016735 | |
| ၁၀ | ASIA WHALE TRAVELS & TOURS COMPANY LIMITED. | Daw May Than Htaik | 14/MAAHPA(N) 146950 | NO (40), GROUND FLOOR, 7TH STREET, LANMADAW, YANGON REGION |
| | | U Maung Maung Lay @ U Maung Hla | 6/MAAHYA(N) 087195 | |
| | | U Zaw Win Ko | 6/MAAHYA(N) 084272 | |
| ၁၁ | ASPIRE TRADING COMPANY LIMITED. | U Thi Ha Kyaw | 13/NAKHANA(N) 046116 | SEIKKANTHA STREET, 3A MERCHANT ROAD, NO (512), THAYAPI CONDO, PANSODAN, YANGON REGION |
| ၁၂ | AUNG AUNG HEIN ZAY YAR 7 COMPANY LIMITED. | U Chan Myae Aung | 5/KHAOUNA(N) 112977 | YWAR WIN LAN MA GYI STREET, NO(SA/316), SHAN KAN (NORTH) VILLAGE, SINTGAING TOWNSHIP, MANDALAY REGION |
| ၁၃ | Aung Kaung Han Co., Ltd | Daw Khaing Nway Zin | 13/NAMATA(N) 052897 | NO. E, NAMTU BUILDING MINE YU 105 MILE, PYI HTAUNG SU STREET, MUSE TOWNSHIP, SHAN STATE |
| ၁၄ | AUNG MAHAR KYAW COMPANY LIMITED | U Yan Min | 8/HTALANA(N) 055968 | SHWE NANDAW STREET, NO(1401), OAKTHAR MYOTHIT (8)TH WARD, BAGO REGION |
| ၁၅ | AUNG MAHAR TUN EXPORT & IMPORT COMPANY LIMITED | Daw Khin Yi | 10/MALAMA(N) 012253 | SHWE TASOKE STREET, NO.5, MYAWADDY TOWNSHIP, KAYIN STATE |

စာမျက်နှာ ၁၁ သို့

✰ စာမျက်နှာ ၁၀ မှ

| | | | | |
|---|---|---|---|---|
| ၁၆ | AUNG NAY LIN HTUN CO., LTD | U Aung Ko Latt | 12/TAMANA(N) 002893 | NO. 455, YADANA ROAD, 12 QUARTER, SOUTH OAKKALAPA TOWNSHIP, YANGON REGION |
| | | Daw Lay Lay Myint | 12/TAMANA(N) 002894 | |
| | | U Ngwe Tun | 12/OUKATA(N) 000677 | |
| ၁၇ | AUNG SIT MIN & BROTHERS TRADING COMPANY LIMITED. | Daw Jar Bawk | 13/MAHSATA(N) 049307 | LANE(1), SWAMSAW WARD, MUSE TOWNSHIP, SHAN STATE |
| ၁၈ | AUNG TOE KHAING COMPANY LIMITED. | Daw May Thinzar Soe | 12/MAGATA(N) 094394 | NO(12), MYA YADANAR STREET, HLAING THAR YAR INDUSTRIAL ZONE, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | U Thura Zaw | 9/PAMANA(N) 199229 | |
| ၁၉ | Ayeyar Three Co.,Ltd | U Win Min Htwe | 14/THAPANA(N) 133437 | NO(3) QUARTER, THARBAUNG TOWNSHIP, AYEYARWADDY REGION |
| ၂၀ | B B HEIN COMPANY LIMITED. | Daw Phyo Thandar Aye | 14/MAMANA(N) 202786 | SOUTH DAGON INDUSTRIAL ZONE (2), PYIDAUNGSU STREET, ROOM (001/101), BLOCK B, MYANMAR AHLA HOUSING, (64) WARD, SOUTH DAGON TOWNSHIP, YANGON REGION |
| ၂၁ | BANSAL OVERSEAS LIMITED. | Mr. Virender Kumar | K3360555 | PLOT NO 45/46, MYAY TIAING BLOCK, INDUSTRAIL ZONE 3, HLAING THAR YAR TOWNSHIP, YANGON REGION |
| | | Mr. Vineet Kumar Jain | N8717990 | |
| ၂၂ | BEST AUNG MYIN THU COMPANY LIMITED. | U Nanda Lwin | 12/TAMANA(N) 102159 | BOTAHTAUNG PAGODA ROAD (MIDDLE BLOCK), NO 183, FIRST FLOOR, BOTAHTAUNG TOWNSHIP, YANGON REGION |
| ၂၃ | BEST MOST FIRST SARL CO., LTD. | Mr. HE, Jianhui | EB5997000 | AUNG UNIVERSAL ROAD, NO. 170, MYAUNGTAGAR INDUSTRY ZONE, HMAW BI TOWNSHIP, YANGON REGION |
| | | Mr. Wang Xuhong | EE2737061 | |
| | | Daw Zi Malay | 13/LAYANA(N) 138794 | |
| ၂၄ | BHONE & ZWE COMPANY LIMITED | U Myo Min San | 7/PAMANA(N) 140759 | MINE YU (105) VILLAGE GROUP, MINE YU VILLAGE, MUSE TOWNSHIP, SHAN STATE |
| ၂၅ | BHONE KABAR KYAW CO., LTD | U Myint Zaw | 5/MAYANA(N) 152246 | MYO SHAUNG ROAD, NO. 859, THEETHANT 1, YARTKWET GYI 5, OAKTHAR MYOTHIT, BAGO TOWNSHIP, BAGO REGION |
| ၂၆ | Billion Force Trading Co., Ltd | Daw Htet Htet Aung | 9/MAYAMA(N) 086105 | ZALUN STREET, NO.6, ROOM NO.(4/A), LINLUN(NORTH) QUARTER, SANCHAUNG TOWNSHIP, YANGON REGION |
| | | Daw Khin Win Maw | 12/KATATA(N) 018073 | |
| | | Daw Thandar Shwe | 13/KATANA(N) 003875 | |
| | | Daw Tin Ma Ma Soe | 12/LAMANA(N) 089935 | |

| | | | | |
|---|---|---|---|---|
| ၂၇ | CENTRAL LUCK TRADING CO., LTD. | Daw Nan Khin Myo Swe | 13/NAKHANA(N) 050605 | CORNER OF SAYASAN ROAD & KABARAYE PAGODA ROAD, ROOM NO. 02, 21 TOP FLOOR, BLOCK NO. E, PEARL CONDOMINIUM, BAHAN TOWNSHIP, YANGON REGION |
| | | U Nyan Thyl Aung | 12/SAKHANA(N) 062444 | |
| ၂၈ | CENTURYPLY MYANMAR PRIVATE LIMITED. | Mr. Gaurav Satnaliwala | Z4913321 | PADAUK YEIK NYEIN ROAD, 1/13(4TH) FLOOR, MAYANGONE, YANGON REGION |
| | | Mr. Daniel Pascal Runser | X7174183 | |
| ၂၉ | CHENGFANG COMPANY LIMITED. | Daw Aye Aye War | 12/TATANA(N) 237615 | AIR PORT YEIK THAR (1ST) STREET, NO. (16/E), SAW BWAR GYI GONE QUARTER, INSEIN TOWNSHIP, YANGON REGION |
| | | Daw Htike Htike San | 12/TATANA(N) 253248 | |
| ၃၀ | CHERUBIM COMPANY LIMITED. | U Zayar Min | 7/ YATAYA(N)096383 | ZAYAR KHAYMAR ROAD, 349 B, MAYANGONE TOWNSHIP, YANGON REGION |
| ၃၁ | CHINA INTERNATIONAL FORESTRY GROUP CORP LTD | U Chit Ko Ko | 7/WAMANA(N) 144672 | ROOM. 2, BUILDING. E. 21ST FLOOR, PEARL CONDO, BAHAN TOWNSHIP, YANGON REGION |
| ၃၂ | COCOGUY INTERNATIONAL COMPANY LIMITED. | Mr. Ho Kwong Kee | K02006540 | MINGALAR STREET, No. 707, 12 WARDS, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| | | Mr. Ho Cheuk Yan | KJ0133200 | |
| | | Mr. Ho Ka Wing | KJ0275900 | |
| ၃၃ | COTECK (MYANMAR) INDUSTRY COMPANY LIMITED. | Mr. Tu, Yu-Ta | 352660593 | DAGON MYOTHIT (EAST) CITY OF INDUSTRY, PLOT-152, BLOCK-113, DAGON MYOTHIT (EAST)TSP, YANGON REGION |
| | | Mr. Cheng, Han-Chin | 309098766 | |
| | | Ms. Tu, Chung-Jung | 308934349 | |
| ၃၄ | D C D E COMPANY LIMITED. | U Zaw Min | 13/MAMATA(N) 052314 | (HSA/226), AUNG MINGALAR STREET, REGION (17), WARD (7), LASHIO TOWNSHIP, SHAN STATE |
| ၃၅ | D.I.LOTUS MYANMAR LIMITED. | Mr. Lim Sin Nin | K0072949R | KYUN TAW ROAD, CRYSTAL TOWER, #06-04, JUNCTION SQUARE COMPOUND, KAMAYUT TOWNSHIP, YANGON REGION |
| | | Ms. Tee Su Sim | E4919586K | |
| ၃၆ | DA QIAN WOODS PRODUCTION COMPANY LIMITED | U Yan Naing | 13/TAYANA(N) 057846 | NO. 19/B, O.S.S, TU MYAUNG YWAR MA, TU MYAUNG VILLAGE GROUP, YE TOWNSHIP, MON STATE |
| | | Mr. ZHENG YONGQIANG | E24470787 | |
| ၃၇ | DECEMBER MOE COMPANY LIMITED | Daw Win Pa Pa Kyaw | 1/MANYANA(N) 155514 | SAL MYAUNG KYAUNG STREET, OAK THAR MYOTHIT WARD, BAGO TOWNSHIP, BAGO REGION |
| | | U Aung Kyaw Moe | 9/MAHTALA(N) 221936 | |
| ၃၈ | DEV NULL TRADING CO., LTD. | U San Bo | 5/MAMANA(N) 020822 | KAYIN SU, NO 5 WARD, MYAWADDY, KAYIN STATE |
| ၃၉ | Dezun Trade Co., Ltd | U Kyaw Swe Win | 9/MAHAMA(N) 022617 | CORNER OF 78 STREET & 134 STREET, NO. (G-4/A), INDUSTRY ZONE (1), PYI GYI TAGON TOWNSHIP, MANDALAY REGION |
| | | Mr. Yang Boxiang | EJ1888417 | |
| | | U Nay Lin Htike | 10/MADANA(N) 161885 | |
| ၄၀ | DRAGON KIND INTERNATIONAL TRADING COMPANY LIMITED. | Daw Chin Zar Chi Kyaw | 13/ KALANA(N)094371 | THANT SIN STREET, 21A, AUNG THU KHA WARD, THANLYIN TOWNSHIP, YANGON REGION |

စာမျက်နှာ ၁၂ သို့ ✰

☆ စာမျက်နှာ ၁၁ မှ

| | | | | |
|---|---|---|---|---|
| ၄၁ | DUMDE GROUP CO., LTD. | Daw Van Lal Ro Puii | 5/KALAHTA(N) 247936 | NO. 593-594, CORNER OF BAYINT NAUNG STREET AND MITTAR ST, WARD 14, EAST DAGON TOWNSHIP, YANGON REGION |
| | | U Hma Ngaih Zam Vel | 5/KALAHTA(N) 170711 | |
| | | U Lal Ram Buat Saih | 5/KALAHTA(N) 156532 | |
| ၄၂ | DURGA COMPANY LIMITED | Daw Ohn Mar Cho | 8/SAPAWA(N) 000892 | AYE YEIK MON (9) TH STREET, ROOM NO. (001), BUILDING. (2), (5) WARD, HLAING TOWNSHIP, YANGON REGION |
| | | U Aung Kyi Tun | 9/WATANA(N) 189985 | |
| ၄၃ | Edenburma Gateway Associates Co., Ltd | Daw Anjana @ Sanda | 12/TAMANA(PYU) 000794 | NO. 174, 40 TH STREET, MIDDLE BLOCK, (9) QUARTER, KYAUKTADA TOWNSHIP, YANGON REGION |
| | | Daw Nadi Wint | 12/MAYAKA(N) 174644 | |
| | | U Thaw Zin Soe | 12/LAMANA(N) 157343 | |
| | | Daw Thiri | 12/TAMANA(PYU) 000330 | |
| ၄၄ | EI SWE TUN EXPORT & IMPORT COMPANY LIMITED | Daw Khaing Zin Oo | 3/MAWATA(N) 022875 | NO.(5), SHWETASOKE STREET, NO.(DAYAYMOKT/14), MYAWADDY TOWNSHIP, KAYIN STATE |
| | | Daw Khin Swe Lin | 3/MAWATA(N) 026830 | |
| | | U Aung Naing | 10/MALAMA(N) 022899 | |
| | | U Khun Shwe Min | 3/MAWATA(N) 031911 | |
| ၄၅ | EI THIRI KYAW COMPANY LIMITED | Daw Ei Thiri Kyaw | 9/MAHAMA(N) 030134 | NO.(KHA THA/57), KHUN THAR QUARTER, BAMAW TOWNSHIP, KACHIN STATE |
| | | U Thant Zin Phyp | 1/BAMANA(N) 082375 | |
| ၄၆ | EURASIAN INVESTMENT AGENCY RM LTD | Mr. ALEKSANDR ABRAMOV | 76 9917006 | NO. 824, NILAR STREET, NORTH DAGON TOWNSHIP, YANGON REGION |
| | | Mr. ALEKSANDR GUZOV | 76 5972066 | |
| | | Daw May Pwint Oo | 12/MAGADA(N) 158072 | |
| ၄၇ | EVERWELL COMPANY LTD. | Daw Thwe Thwe | 14/KALANA(N) 119657 | MIGATHI STREET, NO. 287-A, 12TH QUARTER, YANGON REGION |
| | | Mr. Kim Hyuk | M012H2115 | |
| ၄၈ | FIRST FORTUNE INTERNATIONAL COMPANY LIMITED. | U Min Zaya | 12/OUKATA(N) 149991 | BUILDING NO. (2), No.(R-501), ZIZAWAH HOUSING, 15 QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၄၉ | FRONT GLOBAL CO., LTD | U Nirmal Kumar | 7/PHAMANA(N) 100375 | KYAUKSEIN YADANAR(6) ROAD, BUILDING NO. (1), Room No. 2, THANLYIN YADANAR HOUSING COMPLEX, THANLYIN TOWNSHIP, YANGON REGION |
| ၅၀ | FULLTEX COMPANY LIMITED. | Daw Tin Oo Hlaing | 7/PATATA(N) 053427 | HPA-AN-HLAING BWE ROAD, PLOT NO (4,5,27,40), BLOCK NO (1098/KA), HPA-AN INDUSTRIAL ZONE(1), HPA-AN TOWNSHIP, KAYIN STATE |
| | | Mr. Lam Lap Tin | HJ2092685 | |
| | | Mr. Shiu Chi Fai | KO4543278 | |
| | | Mrs. Yick Lai Sing Annie | KO3215056 | |
| ၅၁ | GAIWACH (MYANMAR) GARMENT COMPANY LIMITED. | Mr. Liu Gong | EF1238623 | THAR DU KAN INDUSTRIAL ZONE, PLOT NO 87/88, MYAY TAING BLOCK NO. 51, SHWE PYI THAR TOWNSHIP, YANGON REGION |
| | | Mr. Wan Peng | EF7721078 | |
| ၅၂ | GCM COMPANY LIMITED. | Daw Yan Hmwe Kyi | 13/KAKHANA(N) 057460 | (64) STREET, BET;(35 & 36) STREET, NO. (KA/31), MAHARAUNGMYAY TOWNSHIP, MANDALAY REGION |
| | | Mr. Zhang Qiao | E07329529 | |
| ၅၃ | GLOBAL CASES (MYANMAR) CORPORATION LIMITED. | Mr. Peng Zhiyong | EG2437499 | CORNER OF TAN CHAT WUN U MYU ST & TAN CHAT WUN U MYAE ST, NO.1, EAST DAGON INDUSTRIAL ZONE, DAGON MYO THIT (EASTEN PART) TOWNS, YANGON REGION |
| | | Mr. Peng Zhiming | E18354413 | |
| | | Ms. Zhou Chuanxia | EG3216082 | |
| ၅၄ | GLOBAL COMMODITIES COMPANY LIMITED | Daw Moh Moh Naing | 12/OUKAMA(N) 201456 | AUNG MYITTA ROAD, NO(318), (1ST) FLOOR, YA MONE NA(1) QUARTER, DAWBON TOWNSHIP, YANGON REGION |
| | | Daw Thaw Thaw Naing | 12/OUKAMA(N) 219672 | |
| ၅၅ | GLOBAL GEO INDUSTRY AND MINING CO., LTD. | Daw Moon December | 2/LAKANA(N) 067727 | 7, NO (65-66), INDUSTRIAL ZONE(1), LOIKAW, KAYAH STATE |
| | | U Hla Htwe | 8/NAMANA(N) 122472 | |
| | | U Tay Zar Win Tun | 12/OUKATA(N) 150268 | |
| ၅၆ | GLOBAL SMARTTACT HOLDING (MYANMAR) COMPANY LIMITED | U Shwe Ba | 12/LAMATA(N) 008415 | 40TH STREET (LOWER BLOCK), NO. 150, KYAUKTADA TOWNSHIP, YANGON REGION |
| ၅၇ | GOLDEN APT COMPANY LIMITED | U Soe Yan Naing | 12/OUKATA(N) 123515 | PARNITAYARMA STREET, 2 WARD, NO. 56, SHWE TAUNG KYAR, BAHAN TOWNSHIP, YANGON REGION |
| ၅၈ | GOLDEN CIRCLE CO., LTD. | Daw Yu Yu Win | 12/SAKHANA(N) 056126 | NO. 5, AYE YEIK MON ROAD, HLAING TOWNSHIP, YANGON REGION |
| | | Mr. Zhang Fan | E20009691 | |
| ၅၉ | GOLDEN EUGENIA COMPANY LIMITED. | Daw Soe Mar Lar | 12/OUKATA(N) 071573 | 7TH STREET, NO. 181, (10) QUARTER, SOUTH OKKALAPA TOWNSHIP, YANGON REGION |
| ၆၀ | GOLDEN GOAT COMPANY LIMITED. | U Naing Naing Swe | 9/MAHTALA(N) 201929 | KAUNG KHAR STREET, 12 WARD NALMYAY 8, LASHIO TOWNSHIP, SHAN STATE |
| | | U Pho Tun | 8/MAMANA(N) 175954 | |
| ၆၁ | GOLDEN MAGIC HAND COMPANY LIMITED | U Tin Aung | 7/AHPHANA(N) 049835 | NGUWAH STREET, NO.22, MAGALADON, YA KYI I, YANGON REGION |
| ၆၂ | GOLDEN NSL & BROTHERS COMPANY LIMITED. | U Naing Soe Lin | 9/PATHAKA(N) 067108 | HOME NO. (2/14), NO. 2 QUARTER, ONGYAW VILLAGE, PATHEINGYI TOWNSHIP, MANDALAY REGION |
| | | U Hlaing Min Oo | 5/YABANA(N) 141583 | |
| | | U Aung Htay | 10/MALAMA(N) 097036 | |
| ၆၃ | GOLDEN PUCE MOE COMPANY LIMITED | U Aung Kyaw Moe | 9/MAHTALA(N) 221936 | SAL MYAUNG KYAUNG STREET, OAK THAR MYOTHIT WARD, BAGO TOWNSHIP, BAGO REGION |
| ၆၄ | GOLDEN SKY LAND COMPANY LIMITED | Daw Khin Hnin Aye | 12/LAMATA(N) 013629 | MAHARBANDULA STREET, NO (813), LANMATAW TOWNSHIP, YANGON REGION |
| ၆၅ | Golden Skyway Co., Ltd | Daw Lalita Kumari | 7/PHAMANA(N) 257263 | YANGON-MANDALAY OLD HIGHWAY ROAD, NO. 14/172, MYOMA(1), ZEYAWADDI, PHYU TOWNSHIP, BAGO REGION |
| | | U Ki Chan | 7/PHAMANA(N) 245339 | |
| ၆၆ | GREAT H L FAMILY TRADING COMPANY LIMITED | U Hein Latt | 14/MAAHNA(N) 003132 | NO. 3/79, BOGYOKE AUNG SAN ST, (3) QUARTER, HLAING THARYAR E, YANGON REGION |
| ၆၇ | GREAT JOY COMPANY LIMITED. | Daw Su Su Aye | 11/TAKANA(N) 107486 | 34-STREET, UPPER BLOCK, NO. 177, 5TH FLOOR, SHWE OU DAWN MIN CONDO, KYAUKTATAR TOWNSHIP, YANGON REGION |

(ဆက်လက်ဖော်ပြပါမည်)

# စစ်မှုထမ်းဆောင်ခြင်း အောင်မြင်စွာပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁) စစ်သည်များအား ဂုဏ်ပြုထောက်ပံ့ပစ္စည်းများချီးမြှင့်ပေးအပ်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် မေ ၃

စစ်မှုထမ်းဆောင်ခြင်း အောင်မြင်စွာပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁) မှ စစ်သည်များအား ဂုဏ်ပြုခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) တပ်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှတာဝန်ရှိသူများနှင့် ပြည်သူ့စစ်မှုထမ်း အပတ်စဉ် (၁) မှ စစ်သည်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒေသကွပ်ကဲရေးမှူးက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စစ်မှုထမ်းဆောင်ခြင်း အောင်မြင်စွာပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁)မှ စစ်သည်များအား ဂုဏ်ပြုထောက်ပံ့ပစ္စည်းများ ချီးမြှင့်ပေးအပ်ရာ စစ်သည်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက



လက်ခံရယူသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူးက စစ်မှုထမ်းဆောင်ခြင်း အောင်မြင်စွာပြီး မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၁) မှ စစ်သည်များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ စစ်သည်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။ ကယားပြည်နယ်အတွင်း စစ်မှုထမ်းဆောင်ခြင်း အောင်မြင်စွာပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁) မှ စစ်သည် ၃၈၅ ဦး ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ရေး တတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှတာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးကာ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအစီအမံများကို တင်ပြကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးများက ထပ်ဆင့်တင်ပြဆွေးနွေးပြီး ဆွေးနွေးမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရေဆင်းပေါ်ဆန်း စပါးမျိုးများ စိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

ကြို့ပင်ကောက် မေ ၃

ပဲခူးတိုင်း ဒေသကြီး ကြို့ပင်ကောက်မြို့နယ် အတွင်း နွေစပါးစိုက်ပျိုးရာတွင် အရည်အသွေးမြင့် ပေါ်ဆန်းမွှေးမျိုးများ လုံလောက်စွာ ရရှိစေရန် ရည်ရွယ်၍ ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးများ စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။



ဒေသအတွင်း အရည်အသွေးမြင့် ပေါ်ဆန်းမွှေး စပါးမျိုးစေ့များ လုံလောက်စွာရရှိနိုင်ရေး၊ ပြည်ပတင်ပို့နိုင်ရေးကို အထောက်အကူပြုစေရန်နှင့်တောင်သူများ၏ဝင်ငွေ တိုးတက်လာစေရန် ရေဆင်းပေါ်ဆန်း (၂) စပါးမျိုးအား ဥက္ကံကျေးရွာအုပ်စုတွင် ရှစ်ကေနှင့် အောင်ပင်သာ ကျေးရွာအုပ်စုတွင် နှစ်ကေ စုစုပေါင်း ၁၀ ကေ မျိုးစေ့ထုတ်စိုက်ခင်းအဖြစ် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဌေးက ပြောသည်။

၂၀၂၆ မိုးစပါး ရာသီတွင် ရေဆင်းပေါ် ဆန်း(၁) စပါးမျိုး ၄၂ ကေ၊ ရေဆင်းပေါ်ဆန်း (၂) စပါးမျိုး ၄၂ ကေနှင့် ရွှေဘိုပေါ်ဆန်းစပါးမျိုး ၂၀၉ ကေ စုစုပေါင်း အရည်အသွေးမြင့် စပါးမျိုး ၂၉၃ ကေ တိုးချဲ့စိုက်ပျိုးသွားရန်လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မရမ်းကုန်းမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကာတွန်းအခြေခံရေးဆွဲနည်း သင်တန်း အခမဲ့ ဖွင့်လှစ်

ရန်ကုန် မေ ၃

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ ကာတွန်းအခြေခံရေးဆွဲနည်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂ ရက် နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားနှင့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးရှင်ဇာနန်က မှဒိတာစကားပြောကြားပြီး သင်တန်းနည်းပြ



ဆရာ မောင်ပန်းဝေ (ညောင်တုန်း)က သင်တန်းမိတ်ဆက်စကား ပြောကြားသည်။

အဆိုပါ သင်တန်းကို မေ ၂ ရက်မှ ၂၄ ရက်အထိ အခမဲ့ ဖွင့်လှစ် သင်ကြားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိသည်။ သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ/ရသ စာအုပ်၊ စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ဝင်တစား လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **ရဲရင့်သိန်းထွန်း**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့
ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊
၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀
(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့
(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ "ရွှေစင်ဝင်း"ရွှေဆိုင်နှင့် တောင်ဥက္ကလာပမြို့နယ်ရှိ "ရောင်နီဦး"ရွှေဆိုင်တို့အား သေနတ်ပစ်ဖောက်လုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံ အမျိုးသားသုံးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် မေ ၃

၂၀၂၆ ခုနှစ် မတ် ၂၈ ရက် ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၈)ရပ်ကွက်ရှိ "ရွှေစင်ဝင်း" ရွှေဆိုင်တွင် ဆိုင်ရှင်ဖြစ်သူသည် ဆိုင်ဝန်ထမ်းဖြစ်သူနှင့်အတူ ဆိုင်ရှိ ရွှေဆွဲကြိုး ၁၈၄ ကုံးပါ ရွှေထည်ပစ္စည်းမျိုးစုံ အလေးချိန် ၁ ပိဿာ ၅၀ ကျပ်သားခန့်၊ တန်ဖိုးငွေကျပ် သိန်း ၈၅၀၀ ခန့်အား ခရီးဆောင်အိတ်ဖြင့် သိမ်းဆည်းပြီး ဆိုင်ပိတ်ကာ နေအိမ်သို့ ပြန်ရန် မော်တော်ယာဉ်အား စောင့်ဆိုင်းနေစဉ် အမျိုးသားနှစ်ဦးရောက်ရှိလာပြီး သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ကားဘီးဖြုတ်သည့် ဂွင်းဂွဖြင့် ရိုက်နှက်ပြီး ရွှေထည်ပစ္စည်းများထည့်ထားသော အိတ်အား လုယက်ယူဆောင်၍ အသင့်စောင့်နေသည့် အမျိုးသားတစ်ဦး မောင်းနှင်သည့် ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း သတင်းပေးပို့တိုင်ကြားလာသဖြင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့မရဲစခန်း၌ (ပ)၇၆/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄ ဖြင့် အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်ရာတွင် ပါဝင်သူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၄)ရပ်ကွက်နေ ဇော်လင်းထွန်း (၃၃) နှစ် (ဘ)ဦးထွန်းသောင်းအား ၎င်း၏ဇာတိဖြစ်သော ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ညောင်တေးကျေးရွာရှိ နေအိမ်၌ မေ ၁ ရက် ညပိုင်းတွင် ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိတရားခံ မှန်ကြီး(ခ)သက်နောင်၊ ဇော်လင်းထွန်းနှင့် စည်သူ တို့သုံးဦးကို သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းထွန်း၏ ထွက်ဆိုချက်အရ သေနတ်ပစ်ဖောက်လုယက်မှု ကျူးလွန်သူ မှန်ကြီး(ခ)သက်နောင်(၅၈)နှစ် (ဘ)ဦးသိန်းအား ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မင်းရဲရပ်ကွက်ရှိ ရသာမွှန်စားသောက်ဆိုင်၌ မေ ၂ ရက် ညပိုင်းတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံဇော်လင်းထွန်းသည် "ရွှေစင်ဝင်း" ရွှေဆိုင်အား လုယက်မှုမကျူးလွန်မီ ပတ်ဝန်းကျင်အခြေအနေအား စုံစမ်းလေ့လာစောင့်ကြည့်ခြင်းများ ပြုလုပ်ပေးခဲ့ပြီး တရားခံ မှန်ကြီး(ခ)သက်နောင်နှင့် သက်ပိုင်ဦး(ဖမ်းဆီးရန်ကျန်)တို့နှစ်ဦးက သေနတ်ပစ်ဖောက်၍ လုယက်ခဲ့ကြကြောင်း၊ ဇော်လင်းထွန်းက ဆိုင်ကယ်မောင်းနှင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရပြီး တရားခံ မှန်ကြီး(ခ)သက်နောင်ထံမှ ရွှေထည်ပစ္စည်းမျိုးစုံ ၃၀၅ ခု၊ ငွေကျပ်သိန်း ၂၄၀၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် KUZEY–GN19 စာတန်းပါ ပစ္စတိုသေနတ် တစ်လက်၊ PAC 380 AUTO ကျည် ၁၃ တောင့်၊ THAI ARMS–380 ACP ကျည်နှစ်တောင့်၊ ကျည်ဘောက်နှစ်ခု၊ ပစ္စတိုသေနတ်ထည့်သည့် MARMY စာတန်းပါအစိမ်းရောင်အိတ်တစ်ခုနှင့် ရွှေထည်ပစ္စည်းမျိုးစုံ ၆၅ ခုတို့အား လည်းကောင်း၊ ရွှေပေါက်ကံတံတားအောက် ငမိုးရိပ်ချောင်းအတွင်းမှ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် Feiling 110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်အား လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အမှုမှ တရားခံ မှန်ကြီး(ခ) သက်နောင်နှင့် ဇော်လင်းထွန်းတို့၏ထွက်ဆိုချက်အရ ၂၀၂၅ ခုနှစ် ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ၎င်းတို့နှစ်ဦးသည် စည်သူ(၃၈)နှစ် (ဘ)ဦးတင်ထွန်းနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၆)ရပ်ကွက် နန္ဒဝန်ဈေးအနီးရှိ "ရောင်နီဦး" ရွှေဆိုင်အား လုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများဖြစ်ကြောင်း ဖော်ထုတ်ရရှိသဖြင့် တရားခံ စည်သူအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ မေ ၂ ရက်တွင် ၎င်းကို မြောက်ဥက္ကလာပမြို့နယ် အမှတ် (၂)ရပ်ကွက် ရွှေပင်လယ်ဘုန်းကြီးကျောင်းအနီး၌ သက်သေခံ ဆိုင်ကယ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

"ရွှေစင်ဝင်း"ရွှေဆိုင်နှင့် "ရောင်နီဦး" ရွှေဆိုင်တို့ကို သေနတ်ပစ်ဖောက်ခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများလုယက်မှုကျူးလွန်ခဲ့ကြသည့် တရားခံများအား ပြည်သူလူထုပူးပေါင်းပါဝင် ကူညီမှုဖြင့် ဖော်ထုတ်နိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံ မှန်ကြီး(ခ) သက်နောင်၊ ဇော်လင်းထွန်းနှင့် စည်သူ တို့သုံးဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်တရားခံ သက်ပိုင်ဦးအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၆-ခုနှစ်အတွင်း မူးယစ်ဆေးဖြတ်ပြီးသူဦးရေ ၁၀၀ ကျော်အား စိတ်ပိုင်း၊ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်

တာမွေ မေ ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်လည်ထူထောင်ရေး ဦးစီးဌာန၏ ပြန်လည်ထူထောင်ရေးစခန်း အသီးသီးတွင် မူးယစ်ဆေးဖြတ်ပြီးနောက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း(မြန်မာ)ဗဟိုရုံး၌ ၂၀၂၆ ခုနှစ်အတွင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှုခံယူပြီးသည့် မူးယစ်ဆေးဖြတ် သင်တန်းသားဦးရေ ၁၀၀ ကျော်ရှိကြောင်း ယနေ့ နံနက်ပိုင်းက အဆိုပါ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ) ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည့် မူးယစ်ဆေးဖြတ်



သင်တန်းဆင်း သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားမှ သိရသည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး ပြန်လည်ထူထောင်ရေး ဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း(ရန်ကုန်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်အောင်ဝင်းက မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်မှုခံယူနိုင်ရန်အတွက် ပြန်လည်ထူထောင်ရေး စခန်းများမှ ဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းပြောကြား

ထို့နောက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြပြီး မူးယစ်ဆေးဖြတ် သင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့သည်။ ယင်းနောက် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က မူးယစ်ဆေးဖြတ် သင်တန်းသားများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံကာ သင်တန်းဆင်း သင်တန်းသားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲတိုးတက်လာမှု အခြေအနေများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ်၌ မြေပဲထုတ်ကုန်များ တန်ဖိုးမြင့်ဆီထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

ကျိုက်ထို မေ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြေပဲထုတ်ကုန်များ တန်ဖိုးမြင့်ဆီထုတ်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက တောင်သူစုရပ်ကွက်နှင့် ဖက္ကလိပ်ကျေးရွာအုပ်စုရှိ အောင်သုခဆီစက်နှင့် ဦးခင်အောင်ဆီစက်တို့၌ ဆောင်ရွက်ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်က ကုန်ကြမ်းရရှိမှုအခြေအနေ၊ ကုန်ချောထုတ်လုပ်နိုင်မှု အခြေအနေ၊ ဈေးနှုန်းဈေးကွက်အခြေအနေ၊ ရောင်းဝယ်ဖြန့်ဖြူးမှုအခြေအနေ၊ ဆီထုတ်လုပ်ရာတွင် သန့်ရှင်းမှု၊ ကျန်းမာရေးနှင့်အညီ ထုတ်လုပ်နိုင်စေရန်၊ မီးဘေးလုံခြုံရေးအတွက်သတိပြုစေရန်၊ စက်သုံးဆီလိုအပ်မှုနှင့် လုပ်ငန်းရှင်လိုအပ်ချက်များကို မေးမြန်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းရာတွင် ကျိုက်ထိုခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

## ဝန်းသိုမြို့နယ်၌ မီးခိုးမြူငွေ့အန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြော

ဝန်းသို မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ တောမီးနှင့်အခြားမီးများကြောင့် လောင်ကျွမ်းမှုအရေအတွက်များနေခြင်းကို လျှော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်း၍ မီးခိုးမြူငွေ့အန္တရာယ်လျှော့ချရေးနှင့် (Fire Hotspot) မဖြစ်ပေါ်စေရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်သည်။

အသိပညာပေး ဟောပြောပွဲတွင် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဖြိုးတို့က မီးခိုးမြူငွေ့အန္တရာယ်လျှော့ချရေးနှင့် (Fire Hotspot) မဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးဘေးလုံခြုံရေးအကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန် /ဆက်)**

# ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာအကြောင်း သိကောင်းစရာများ

အိအိဖြိုး

ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲလာမှုများ လျင်မြန်စွာဖြစ်ပေါ်လျက်ရှိရာ သဘာဝအရင်းအမြစ်များဆုံးရှုံးမှုကို ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို ထိခိုက်စေပါသည်။ အနာဂတ်လူသားတို့၏ စားရေရိက္ခာဖူလုံစေရေးအတွက် စဉ်ဆက်မပြတ် စိုက်ပျိုးထုတ်လုပ်မှုကိုရရှိရန် စိုက်ပျိုးရေးဆိုင်ရာ သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းရေးက အရေးကြီးလှပါသည်။

နိုင်ငံတကာတွင် စိုက်ပျိုးရေးလုပ်ငန်းများ၌ အသုံးပြုရသော ဓာတ်မြေဩဇာများထုတ်လုပ်မှု ကျဆင်းလာခြင်းကြောင့် ဓာတ်မြေဩဇာများ ရှားပါးခြင်း၊ သယ်ယူပို့ဆောင်မှုအခက်အခဲများကြောင့် ဓာတ်မြေဩဇာများ ဈေးနှုန်းမြင့်တက်ခြင်းနှင့် အလွယ်တကူ ဝယ်ယူ၍မရသော ပြဿနာများနှင့် ရင်ဆိုင်နေရပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ထိန်းသိမ်းနိုင်ရန်အတွက် မြေဆီလွှာအရည်အသွေးကောင်းမွန်ပြီး အပင်အာဟာရဓာတ် လုံလောက်စွာရရှိရေးမှာ အရေးကြီးလှပါသည်။ အပင်အာဟာရဓာတ် လုံလောက်မှုတစ္စာရနိုင်မှသာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်မည်ဖြစ်ပါသည်။ နွားချေးနှင့် သစ်ဆွေးမြေဩဇာများသုံးစွဲခြင်း၊ သီးနှံရိတ်သိမ်းပြီး အပင်အကြွင်းအကျန်များကို မြေသို့ပြန်လည်ထည့်သွင်းပေးခြင်းအားဖြင့် မြေဆီလွှာပြုန်းတီးခြင်းနှင့် အပင်အာဟာရဓာတ်များ လျော့နည်းဆုံးရှုံးခြင်းတို့ကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်ပါသည်။

**သီးနှံပင်အကြွင်းအကျန်များ မြေတွင်းသို့ ပြန်လည်ထည့်သွင်းစိုက်ပျိုး**

သီးနှံအထွက်နှုန်းများ တည်ငြိမ်တိုးတက်စေရန်နှင့် စိုက်ပျိုးသူတောင်သူများ အမြတ်အစွန်းရရှိနိုင်ရန်အတွက် မြေသားဖွဲ့စည်းတည်ဆောက်မှုကို ကောင်းမွန်စေသည့် ထွန်ယက်စိုက်ပျိုးမှုပုံစံနှင့် သီးနှံပင်အကြွင်းအကျန်များ မြေတွင်းသို့ ပြန်လည်ထည့်သွင်းစိုက်ပျိုးခြင်းကို ဆောင်ရွက်ရန် လိုအပ်လာပါသည်။ ထို့အပြင် အပေါ်ယံမြေသားများ တိုက်စားပျက်စီးဆုံးရှုံးခြင်းများကို ကာကွယ်ပေးခြင်း၊ သစ်ဆွေးဓာတ်များ လုံလောက်အောင် ထည့်သွင်းပေးခြင်းနှင့် မြေဆီလွှာအတွင်းရှိ အကျိုးပြုဇီဝသက်ရှိများနှင့် အပင်အာဟာရဓာတ် လှည့်ပတ်မှုပုံစံ ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်းများကို အဓိကထား၍လည်း ဆောင်ရွက်သင့်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် သစ်စိမ်းမြေဩဇာ စိုက်ပျိုးခြင်းသည်လည်း နည်းလမ်းတစ်ခုအဖြစ် ပါဝင်လျက်ရှိပါသည်။

သစ်စိမ်းမြေဩဇာဆိုသည်မှာ အကြီးမြန်ဆွေးမြည့်လွယ်၍ ဇီဝဒြပ်ထု (Biomass) အထွက်များများရရှိသော အပင်မျိုးဖြစ်သည့်အတွက် ကြဲပက်စိုက်ပျိုးကာ ထယ်ထိုးမြေမြှုပ်ခြင်းအားဖြင့် မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိနှင့် ဓာတ်ဂုဏ်သတ္တိများကို ပြောင်းလဲပေး၍ မြေဆီလွှာ၏ အာဟာရဓာတ်ကို ဖြည့်တင်းပေးသော သဘာဝမြေဩဇာပင်ဖြစ်ပါသည်။

သီးနှံများမစိုက်ပျိုးမီ (သို့မဟုတ်) သီးနှံရိတ်သိမ်းပြီး ခေတ္တမြေလှုပ်ချိန်တွင် အကြီးမြန်သော ပဲမျိုးရင်းဝင်အပင်များကို ကြဲပက်စိုက်ပျိုးထားပြီး ပန်းမပွင့်မီအချိန်တွင် ထယ်ထိုးမြေမြှုပ်ပေးခြင်းဖြင့် နောက်စိုက်ပျိုးမည့် သီးနှံအတွက် လိုအပ်သော နိုက်ထရိုဂျင်ဓာတ်၊ ဖော့စ်ပရပ်စ်ဓာတ်၊ ပိုတက်ရှ်ဓာတ်များနှင့် သစ်ဆွေးဓာတ်(Organic Matter) များကို ရရှိစေပါသည်။ ထိုသို့ဆောင်ရွက်ခြင်းကို သစ်စိမ်းမြေဩဇာကျွေးခြင်း (Green Manuring) ဟု ခေါ်ဆိုပါသည်။ သစ်စိမ်းမြေဩဇာအဖြစ် ပဲမျိုးရင်းဝင် အပင်များဖြစ်သည့် ပဲလွမ်း၊ ပဲတီစိမ်းနှင့် မတ်ပဲစသည်တို့အပြင် ပိုက်ဆံလျှော်၊ ဆူးမဲ့ထိကရုံး (Mimosa)အစရှိသည်တို့ကို သစ်စိမ်းမြေဩဇာ အပင်များအဖြစ် အသုံးပြုနိုင်ပါသည်။



**သစ်စိမ်းမြေဩဇာပင်အဖြစ် လူသိများ**

သစ်စိမ်းမြေဩဇာပင် အမျိုးမျိုးအနက် အပင်အကြီးမြန်၍ စိုက်ပျိုးရအလွယ်ကူဆုံးအပင်မှာ ပိုက်ဆံလျှော်ပင်ဖြစ်ပါသည်။ ပိုက်ဆံလျှော်ကို အခြားသီးနှံများ မစိုက်ပျိုးမီ သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးနိုင်ပါသည်။ ပိုက်ဆံလျှော်၏ အင်္ဂလိပ်အမည်မှာ Sunn hemp ဖြစ်ပြီး သိပ္ပံအမည်မှာ Crotalaria juncea ဖြစ်ပါသည်။ ပိုက်ဆံလျှော်ပင်သည် အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသများအတွက် သစ်စိမ်းမြေဩဇာပင်အဖြစ် လူသိများသော ပဲမျိုးရင်းဝင် အပင်တစ်မျိုးဖြစ်ပါသည်။

အစိုဓာတ်လုံလောက်ပါက မည်သည့်မြေအမျိုးအစားတွင်မဆို ကောင်းစွာပေါက်ရောက်ရှင်သန်နိုင်သောအပင်ဖြစ်ပါသည်။ အလင်းရောင်ကို တုံ့ပြန်မှုရှိပြီး နေ့တာရှည်ကာလများရရှိပါက အပင်ပိုင်းကြီးထွားမှုကြာရှည်စေသော အပင်မျိုးဖြစ်ပါသည်။

ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုရန် အတန်းလိုက် ၁' x ၄" စိုက်စနစ်ဖြင့် စိုက်ပျိုးမည်ဆိုပါက တစ်ဧကလျှင် မျိုးစေ့ ၂ ဒသမ ၅ ပြည်နှုန်း၊ ကြဲပက်စိုက်ပျိုးလျှင် လေး – ခြောက်ပြည်နှုန်းသုံးစွဲရပါမည်။ မျိုးစေ့များကို မြေအနက် ခြောက် – ရှစ်လက်မခန့်အထိ မြေချစိုက်ပျိုးရပါမည်။

ပုံမှန်အားဖြင့် စပါးအခြေခံသီးနှံပုံစံများတွင် လယ်မြေများ၌ မိုးစပါးရိတ်သိမ်းပြီးနောက် ထယ်တစ်စပ်၊ ထွန်တစ်စပ်ဝင်ပြီး မျိုးစေ့ကို ညီညာအောင် ကြဲပက်ရပါသည်။ ထို့နောက် ထွန်တစ်စပ်ဖြင့် ပြန်ဖုံးပေးရပါသည်။ စိုက်ပျိုးပြီး ထယ်ထိုးနှစ်မြှုပ်ရမည့်အချိန်သည် အထူးအရေးကြီးပါသည်။

မိုးရေကိုသာ အားကိုးစိုက်ရသော ကုန်းပိုင်းယာမြေများတွင် မိုးသီးနှံမစိုက်ပျိုးမီ ကြဲပက်စိုက်ပျိုးထားပါက အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း ထယ်ထိုးမြေမြှုပ်ပေးရပါသည်။ လယ်မြေများတွင် မိုးစပါးရိတ်သိမ်းပြီးနောက် နွေသီးနှံမစိုက်ပျိုးမီ ပိုက်ဆံလျှော်မျိုးစေ့ကြဲပက်၍ အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့ရှိပါသည်။

နွေသီးနှံရိတ်သိမ်းပြီးနောက် မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် မျိုးစေ့ကြဲပက်၍လည်း အပင် ၄၅ ရက်သားမှ ၆၅ ရက်သားအတွင်း သစ်စိမ်းမြေဩဇာအဖြစ် ထယ်ထိုးမြေမြှုပ်ပေးလေ့လည်း ရှိပါသည်။ အပင်၏အစိတ်အပိုင်းများကို အစိမ်းအတိုင်းထယ်ထိုး၍ မြေမြှုပ်ပြီး ၁၀ ရက် မှ ၁၄ ရက် အကြာတွင် ကောင်းစွာဆွေးမြည့်ပြီးမှသာ နောက်သီးနှံစိုက်ပျိုးသင့်ပါသည်။ ကောင်းစွာဆွေးမြည့်သွားသည့်အခါ မြေဆီလွှာအားဖြည့်ပေးသော မြေဩဇာအဖြစ်ရရှိမည်။

ပိုက်ဆံလျှော်၊ ပဲလွမ်းနှင့် မတ်ပဲတို့၏ အပင်သက်တမ်းအလိုက် ထယ်ထိုးမြေမြှုပ်ခဲ့ရာ မြေတွင်း၌ရရှိသော အာဟာရဓာတ်ပါဝင်မှုများကို အောက်ပါအတိုင်း ဓာတ်ခွဲစစ်ဆေးခြင်းရလဒ်အဖြစ် တွေ့ရှိရပါသည် –

| သစ်စိမ်းပင် | ထယ်ထိုးသည့် အပင်သက်တမ်း | မြေမှရရှိသည့်အာဟာရဓာတ် | | |
|---|---|---|---|---|
| | | နိုက်ထရိုဂျင် | ဖော့စ်ပရပ်စ် | ပိုတက်ရှ် |
| ပိုက်ဆံလျှော် | ၄၅ | ၈၆ | ၁၁ | ၄၈ |
| ပိုက်ဆံလျှော် | ၆၅ | ၄၂ | ၈ | ၁၉ |
| ပဲလွမ်း | ၄၅ | ၇၄ | ၁၁ | ၂၈ |
| ပဲလွမ်း | ၇၅ | ၃၀ | ၇ | ၁၅ |
| မတ်ပဲ | ၄၅ | ၅၆ | ၁၀ | ၂၅ |
| မတ်ပဲ | ၇၅ | ၃၆ | ၅ | ၁၂ |

**ရရှိနိုင်သောအကျိုးကျေးဇူးများ**

ပိုက်ဆံလျှော်သစ်စိမ်းစိုက်ပျိုး၍ မြေမြှုပ်ပေးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည် –

(၁) မြေဆီလွှာအတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးသည်သာမက သစ်ဆွေးဓာတ်ကိုလည်းတိုးတက်စေကာ မြေသားဖွဲ့စည်းမှုကိုလည်း တိုးတက်ကောင်းမွန်စေပါသည်။

(၂) လေထုထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးသည့်အတွက် မြေဆီလွှာအတွင်း နိုက်ထရိုဂျင်ဓာတ် ဖြည့်တင်းပေးရာရောက်ပါသည်။

(၃) မြေဆီလွှာအတွင်းရှိ အပင်အာဟာရဓာတ်များကို မြေအောက်သို့ စိမ့်ဝင်ဆုံးရှုံးခြင်းမှ ကာကွယ်ပေးသည်။

(၄) မြေဆီလွှာတိုက်စားမှုကို လျော့နည်းစေပြီး အပေါ်ယံမြေလွှာများပျက်စီးမှုကို ကာကွယ်ပေးပါသည်။

(၅) မြေညံ့များတွင် စိုက်ပျိုးပြီး ထွန်ယက်မြေမြှုပ်ပေးပါက မြေဆီအရည်အသွေးကို တိုးတက်စေပါသည်။

သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို သုံးစွဲခြင်းသည် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိ၊ ဓာတုပိုင်းဆိုင်ရာဂုဏ်သတ္တိနှင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိများ တိုးတက်ရေးနှင့် ပျက်စီးနေသောမြေဆီလွှာနှင့် သစ်ဆွေးဓာတ်လျော့နည်းနေသော မြေဆီလွှာများ၊ မြေချဉ်ငန်ကိန်းမြင့်လွန်းသော အပူပိုင်းဒေသမြေဆီလွှာများပြုပြင်ရာတွင် သုံးစွဲရန် အထူးသင့်လျော်ပါသည်။ သက်တမ်းတိုတိုနှင့် ကြီးထွားနှုန်းမြန်ဆန်၍ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်နှင့် နိုက်ထရိုဂျင်ပမာဏများများ ဖြည့်တင်းပေးသည့်အပြင် အကုန်အကျသက်သာသည့် ပိုက်ဆံလျှော်ကို ဝင်ငွေရသီးနှံများမစိုက်မီ သစ်စိမ်းမြေဩဇာအဖြစ် နှစ်စဉ် စိုက်ပျိုးသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

❛ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)ကို သုံးစွဲခြင်းသည် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိ၊ ဓာတုပိုင်းဆိုင်ရာဂုဏ်သတ္တိနှင့် ဇီဝပိုင်းဆိုင်ရာဂုဏ်သတ္တိများ တိုးတက်ရေးနှင့် ပျက်စီးနေသောမြေဆီလွှာနှင့် သစ်ဆွေးဓာတ်လျော့နည်းနေသော မြေဆီလွှာများ၊ မြေချဉ်ငန်ကိန်းမြင့်လွန်းသော အပူပိုင်းဒေသမြေဆီလွှာများပြုပြင်ရာတွင် သုံးစွဲရန် အထူးသင့်လျော်ပါသည်။ သက်တမ်းတိုတိုနှင့် ကြီးထွားနှုန်းမြန်ဆန်၍ မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်နှင့် နိုက်ထရိုဂျင်ပမာဏများများ ဖြည့်တင်းပေးသည့်အပြင် အကုန်အကျသက်သာ ❜

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် တိုက်ကြီးမြို့နယ် အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေး



ရန်ကုန် မေ ၃

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အဖျောက် သဘာဝဓာတ်ငွေ့မြေသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ကို တိုက်ကြီးမြို့နယ်ရှိ အဖျောက် သဘာဝဓာတ်ငွေ့မြေ ရှင်းလင်းဆောင်၌ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးသက်ထွန်းက အဖျောက် သဘာဝဓာတ်ငွေ့မြေ၏ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများ၊ လက်ရှိဆောင်ရွက်မှု အခြေအနေများ၊ တွင်းဟောင်းများ၏ ပါးလွှာသဲကြောများကို ပြန်လည်လေ့လာ တွက်ချက် သုတေသနပြုလုပ်၍ စမ်းသပ်ထုတ်လုပ်ခဲ့ရာမှ သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခဲ့သည့် အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကအဖျောက်ရေနံမြေသည် ရပ်ဆိုင်းလုနီးပါး ဖြစ်နေသည့် အခြေအနေမှ သုတေသန လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် သဘာဝဓာတ်ငွေ့များ ပြန်လည်ထွက်ရှိလာကြောင်း၊ ယခုအချိန်တွင် တွင်းသစ် တစ်တွင်းနှင့် တွင်းဟောင်း လေးတွင်းတို့မှ သဘာဝဓာတ်ငွေ့များ ပုံမှန်ထွက်ရှိနေကြောင်း၊ ထွက်ရှိလာသည့်သဘာဝဓာတ်ငွေ့များကို အဓိကအားဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍတို့တွင်အသုံးပြုနေသည့် Taxi ယာဉ်များ၊ Bus ကားများ၊ ကုန်တင်ယာဉ်များတွင် အသုံးပြုနေပါကြောင်း၊ ထပ်မံရရှိလာသည့် တွင်းအမှတ်(၅၇)သည် တစ်နေ့လျှင် ဓာတ်ငွေ့ကုဗပေ ၁ ဒသမ ၅ သန်းခန့် ထွက်ရှိမည်ဟု သိရကြောင်း၊ ယခုကဲ့သို့ စက်သုံးဆီ ရှားပါးနေသည့်အချိန်တွင် သဘာဝဓာတ်ငွေ့များ ပိုမိုထုတ်ယူလာနိုင်ခြင်းသည် နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းစေကြောင်း၊ သုတေသနပြုလုပ်၍ အောင်မြင်မှုအပေါ် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ချီးကျူးလိုကြောင်း ပြောကြားကာ အဖျောက်သဘာဝဓာတ်ငွေ့မြေမှ အရာထမ်း/အမှုထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်အဖျောက်သဘာဝဓာတ်ငွေ့မြေတွင် သဘာဝဓာတ်ငွေ့ပိုမိုထုတ်လုပ်နိုင်ခဲ့သည့် တွင်းအမှတ်(၅၇)၏ တိုးချဲ့သဲကြော သေနတ်ဖောက်ခြင်းလုပ်ငန်း သဘာဝဓာတ်ငွေ့ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း အပူဒဏ်အန္တရာယ်ကာကွယ်ရေး အပူရှောင်စခန်းများဖွင့်လှစ်ထားရှိမှု ကြည့်ရှုအားပေး



မကွေး မေ ၃

မကွေးတိုင်းဒေသကြီးတွင် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ အပူဒဏ်ကိုတိမ်းရှောင်ရန် လိုအပ်မည့်သူများနှင့် သက်ကြီးဘိုးဘွားများကို အပူရှောင်စခန်းများတွင် လာရောက်နားခိုနိုင်ရေး အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိရာ မကွေးမြို့တွင် ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းကို ယနေ့နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ညိုနှင့်တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

**ကူညီဆောင်ရွက်ပေးလျက်ရှိ**

မကွေးမြို့၌ အပူရှောင်စခန်းများကို အောင်ချမ်းသာရပ်ကွက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီခွဲအထိ ဖွင့်လှစ်ထားပြီး နားနေခန်း၊ တရားနာခန်းများထားရှိကာ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး၍ ကြက်ခြေနီအသင်းအဖွဲ့ဝင်များကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသ စာအုပ်စာပေနှင့် နေ့စဉ်ထုတ်သတင်းစာများ ဖတ်ရှုလေ့လာနိုင်ရန်နှင့် အကြို/အပို့ယာဉ် စသည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အပူရှောင်စခန်းစတင်ဖွင့်လှစ်သည့် ပထမရက်တွင် မြို့ပေါ်ရက်ကွက်များရှိ သက်ကြီးဘိုးဘွား ၁၀၀ ကျော် လာရောက်နားခိုနေထိုင်လျက်ရှိပြီး ရေသန့်၊ အချိုရည်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ၊ ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ယခုလက်ရှိ အပူရှောင်စခန်းများတွင် အပူရှောင်နားခိုနိုင်စေရန် စီစဉ်ဆောင်ရွက်ထားပြီး မကွေးမြို့၌ အသက် ၁၀၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများလည်း အပူရှောင်စခန်းများသို့ လာရောက်နားခိုလျက်ရှိကာ လူဦးရေအနည်းအများအပေါ်မူတည်၍ မကွေးမြို့ပေါ်တွင် အပူရှောင်စခန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် စေတနာရှင်အလှူရှင်များက စုပေါင်းလှူဒါန်းသော အလှူငွေကျပ် ၃၉၄ သိန်းကို အပူရှောင်စခန်းဖွင့်လှစ်နိုင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီထံ လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**အပူရှောင်စခန်းများ ဖွင့်လှစ်ထား**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မကွေးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ စကုမြို့၊ ဆင်ဖြူကျွန်းမြို့နှင့် အောင်လံမြို့နယ်တို့တွင် အပူရှောင်စခန်းများ ဖွင့်လှစ်ထားရှိပြီး ဒေသခံပြည်သူများ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်းစသည့် လက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာဆေးရုံများ၌ အရေးပေါ်ဆေးကုသပေးခြင်းများ ဆောင်ရွက်နိုင်ရန် မြို့နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများတွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



# ပုသိမ်မြို့၌ ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲနှင့် စစ်တုရင်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

ပုသိမ် မေ ၃

ဧရာဝတီတိုင်းဒေသကြီး ခရိုင်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကြက်တောင်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာ ဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြပြီး ပြိုင်ပွဲကိုစတင် ကျင်းပရာ ပုသိမ်ခရိုင်အသင်းနှင့် မြောင်းမြခရိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ကိုးသိန်းအားကစားကွင်း၌ ကျင်းပလျက်ရှိသည့် ကြက်တောင်ပြိုင်ပွဲနှင့် မြို့နယ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲများသို့ လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ အားကစားပြိုင်ပွဲများကို မေ ၃ ရက်မှ ၁၀ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်။**

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများ ပြုလုပ်

နေပြည်တော် ဧပြီ ၃

တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တပ်မတော်သားမိသားစုဝင်သားသမီးများ နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်နှင့် ယဉ်ကျေးလိမ္မာသည့် သားကောင်း သမီးကောင်းများအဖြစ်သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်ပြီး ဘာသာသာသနာကို အရှည်တည်တံ့တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများဖြစ်ရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ လက်တွေ့အသုံးချ ဘာသာရပ်များနှင့်အတူ ဗဟုသုတရစေပြီး အတတ်ပညာများတိုးပွားစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ သံလွင်ခန်းမ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်တွေတပ်နယ်ခန်းမ၌လည်းကောင်း ပြုလုပ်ကြရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA မှ အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် အခြေခံကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများ ပြုလုပ်စဉ်။

ဦးစွာ တိုင်းမှူးများက သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ၊ သင်တန်းဆင်းအောင်လက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးများက ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ၎င်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းများတွင် သင်ခန်းစာများ ပို့ချသင်ကြားပေးတော်မူကြသည့် သံဃာတော်များအား နေ့ဆွမ်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး သင်တန်းတက်ရောက်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများအားနေ့လယ်စာ အာဟာရဒံပေါက်ထမင်းနှင့် ဟင်းများကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မင်းလှမြို့နယ်ဦးစီးမှူးရုံးအား မီးဘေးလုံခြုံရေးစစ်ဆေး



မင်းလှ ဧပြီ ၃

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးယဉ်ငြိမ်းနှင့်တပ်ဖွဲ့ဝင်များက ဌာနတွင်းမီးဘေးလုံခြုံရေးစီမံချက်များရေးဆွဲထားရှိရန်နှင့် မီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း လိုက်နာရန်စစ်ဆေးအကြံပြုခဲ့ကြောင်း သိရသည်။

**ကိုခန့်**



## မူဆယ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

မူဆယ် ဧပြီ ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကို မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ရှိ ရွှေလီမြစ်ကမ်းဘေးတွင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်၊ မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်၊ မြန်မာ့ရိုးရာလက်ဖက်သင်္ကြန်၊ မြန်မာ့ရိုးရာထမနဲသင်္ကြန်နှင့် မြန်မာ့ရိုးရာကော်ဖီသင်္ကြန်တို့ကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။ ဖျော်ဖြေရေးအစီအစဉ်များအနေဖြင့် နိုင်ငံကျော်သရုပ်ဆောင် ကောင်းမြတ်စံ အပါအဝင် အနုပညာရှင်များ၊ တေးသံရှင်များ၊ ယိမ်းအကအဖွဲ့များဖြင့် နေ့စဉ် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ၊ ညနေ ၃ နာရီမှ ည ၇ နာရီအထိ သီဆိုကပြဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် အကဲဖြတ်လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ် အကဲဖြတ်လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ အကဲဖြတ်ပညာရှင်များ၊ ယိမ်းအသင်းအုပ်ချုပ်သူများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ အကဲဖြတ်လုပ်ငန်းကော်မတီဥက္ကဋ္ဌ အင်ဂျင်နီယာဌာန၊ (ရေစီးရေလာစီမံခန့်ခွဲမှု) ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးကျော်မိုးက အမှာစကားပြောကြားပြီး အကဲဖြတ်လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး)ဦးဝဏ္ဏထွန်းက အခမ်းအနား ကျင်းပမည့်လုပ်ငန်းစဉ် အစီအစဉ်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အကဲဖြတ်ပညာရှင်များကိုယ်စား အကဲဖြတ်ပညာရှင် ဦးအောင်တင်ဝင်းနှင့် ဦးမောင်မောင်ဇော်ဝင်း၊ လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ အခမ်းအနားပြင်ဆင်ရေးနှင့် ဖွင့်ပွဲပိတ်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့်ဖျော်ဖြေတင်ဆက်ရေးလုပ်ငန်းကော်မတီ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးနှင့်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေး၊ ဆုချီးမြှင့်ရေးနှင့် ဆုရသူများစုစည်းရေးလုပ်ငန်းကော်မတီ၊ ယိမ်းအသင်းအုပ်ချုပ်သူများ၊ ၁၂ ဦးယိမ်း (မူကြိုကျောင်းများ)၊ ၁၂ ဦးယိမ်း (ကျောင်းများ)၊ ၁၂ ဦးယိမ်း (ရုံး၊ အခြား)၊ ၁၂ ဦးယိမ်း(အမျိုးသားအလွတ်တန်း)၊ ၁၆ ဦး ယိမ်း(ရုံး၊ အခြား)၊ ၂၀ ဦး ယိမ်း(အလွတ်တန်း)၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများ (ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း)၊ တို့မှ တာဝန်ရှိသူများက မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အကဲဖြတ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အင်ဂျင်နီယာဌာန၊ (ရေစီးရေလာစီမံခန့်ခွဲမှု)ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) က သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အကဲဖြတ်ပညာရှင်များ၊ ယိမ်းအသင်းအုပ်ချုပ်သူများနှင့် လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဝါးခယ်မမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

ဝါးခယ်မ ဧပြီ ၃

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်ရှိ စီးပွားရေးလုပ်ငန်းများအား မီးဘေးလုံခြုံရေးကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က ပြုလုပ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတိုးနိုင်ဦး၏ ကြီးကြပ်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးချစ်ထွေးအောင်နှင့် တပ်ဖွဲ့ဝင်များက AKD ဧည့်ရိပ်မွန် အပါအဝင် စီးပွားရေးလုပ်ငန်းများ၏ မီးသုံးစွဲမှုအခြေအနေ၊ ကြိုတင်ကာကွယ်သည့်အနေဖြင့် ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးခဲ့ပြီး ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြုံတွေ့ပါက မှန်ကန်သော နည်းလမ်းဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်စေရေးအတွက် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မဟာသင်္ကြန်ပွဲတော်မှသည် ငြိမ်းချမ်းသာယာသော နှစ်သစ်ဆီသို့ မျှော်ရည်ခြင်း

လွန်းပိုးအိမ်

မြန်မာတို့၏ တစ်နှစ်တာကာလအတွင်း အထွတ်အမြတ်အထားဆုံးနှင့် အနှစ်သက်ဆုံးသော ပွဲတော်ကိုပြပါဆိုလျှင် တန်ခူးလ၏ သင်္ကြန်ပွဲတော်သည် ပြည်သူတို့၏ နှလုံးသားဝယ် ထာဝရကိန်းအောင်းနေသည့် ပွဲတော်တစ်ခုဖြစ်ပါသည်။ အတာရေစင်ဖြင့် အညစ်အကြေးတို့ကို ဆေးကြောသန့်စင်ကာ နှစ်ဟောင်းမှ အညစ်အကြေးများကိုပယ်၍ နှစ်သစ်ကို တည်ဆောက်ကြသည့် ဤအချိန်အခါသမယသည် မြန်မာ့ယဉ်ကျေးမှု၏အနှစ်သာရကို ဖော်ကျူးနေရုံသာမက နိုင်ငံတော်နှင့် ပြည်သူတို့၏ ငြိမ်းချမ်းသာယာရေးမျှော်မှန်းချက်များကိုလည်း တစ်ပါတည်း သယ်ဆောင်လာခြင်းဖြစ်ပါသည်။



> မဟာသင်္ကြန်ပွဲတော်သည် မြန်မာပြည်သူ ပြည်သားများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် သာယာဝပြောမှုကိုဖော်ဆောင်သည့် အမျိုးသားရေးပြယုဂ်တစ်ခုဖြစ်ပါသည်။ တန်ခူးလ၏ ပူပြင်းမှုအောက်တွင် ပိတောက်ရွှေဝါတို့က လန်းဆန်းမှုကိုပေးစွမ်းသကဲ့သို့ အတာရေစင်သည်လည်း လူတို့၏ စိတ်နှလုံးကိုအေးမြစေပါသည်။ သင်္ကြန်ပွဲတော်မှရရှိလိုက်သော စုပေါင်းအင်အား၊ သည်းခံခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားတို့ကိုအခြေခံ၍ ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်

### တန်ခူးလ၏ သဘာဝအလှနှင့် သင်္ကြန်အကြိုကာလ

နွေဦးကဗျာကို ရေးထိုးသည့် ပိတောက်ရွှေဝါတို့နှင့်အတူ သင်္ကြန်၏အငွေ့အသက်များ စတင်လာပြီဖြစ်ပါသည်။ ပူပြင်းသောနေရှိန်အောက်တွင် လန်းဆန်းစိုပြည်သည့် သဘာဝအလှတရားတို့က ပြည်သူတို့၏စိတ်နှလုံးကို ပွဲတော်ဆီသို့ခေါ်ဆောင်သွားပြီး နှစ်ဟောင်းကုန်ဆုံးတော့မည့် နိမိတ်ပုံများကို ဖော်ဆောင်နေပါသည်။

### အတာရေစင်နှင့် စိတ်ဓာတ်ခွန်အား သန့်စင်ခြင်း

ပူပြင်းသော နွေအပူကို အေးမြစေသည့် ရေစင်ဖြင့် စိတ်ပိုင်းဆိုင်ရာ အညစ်အကြေးများကို ဆေးကြောသန့်စင်ကြပါသည်။ ထိုရေစင်သည် ကိုယ်ခန္ဓာကိုသာမက စိတ်အတွင်းသန္တာန်ရှိ အာဃာတနှင့် ဒေါသတရားတို့ကို ငြိမ်းအေးစေကာ နှစ်သစ်အတွက် စိတ်ဓာတ်ခွန်အားအသစ်များကို ပေးစွမ်းနိုင်ပါသည်။

### မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းခြင်း

ခေတ်အဆက်ဆက် လက်ဆင့်ကမ်းလာသည့် မဟာသင်္ကြန်၏ ခိုင်မာသောယဉ်ကျေးမှုအမြုတေကို ထိန်းသိမ်းရပါမည်။ ရိုးရာမပျက် ဝတ်စားဆင်ယင်မှု၊ စကားပြောဆိုမှုနှင့် ပြုမူနေထိုင်မှုတို့သည် မြန်မာ့ဂုဏ်ကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်စေသော အမွေအနှစ်များဖြစ်ပါသည်။

### စည်းလုံးညီညွတ်ခြင်း၏ပြယုဂ် သင်္ကြန်ပွဲတော်

လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ တစ်ဦးပေါ်တစ်ဦး မေတ္တာဖြင့် ရေပက်ဖျန်းကြခြင်းသည် အမျိုးသားစည်းလုံးညီညွတ်မှုကို ခိုင်မာစေပါသည်။ ဤစည်းလုံးမှုအင်အားသည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အခြေခံအကျဆုံးသော ရိက္ခာတစ်ရပ်ပင်ဖြစ်ပါသည်။

### ဘုရားကျောင်းကန်နှင့် ကုသိုလ်ပွားရာအတာကာလ

ပျော်ပွဲရွှင်ပွဲများအပြင် ဘာသာရေးအသိဖြင့် ကောင်းမှုကုသိုလ်ပြုကြသည့် မြတ်နိုးဖွယ်ဓလေ့သည် မြန်မာတို့၏ ဝိညာဉ်ပင်ဖြစ်ပါသည်။ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ နာကြားခြင်းဖြင့် နှစ်ဟောင်းကို ကုသိုလ်ဖြင့် နှုတ်ဆက်ကြပါသည်။

### သက်ကြီးပူဇော်ပွဲနှင့် ကတညုတတရားပွားများခြင်း

လူကြီးမိဘများကို ခေါင်းဆေးမင်္ဂလာပြုပေးခြင်းနှင့် ကန်တော့ခြင်းတို့ဖြင့် ရိုသေလေးစားမှုကို ဖော်ကျူးကြပါသည်။ ဤကတညုတတရားသည် လူမှုအဖွဲ့အစည်းကို ပိုမိုခိုင်မာစေပြီး မိသားစုတန်ဖိုးကိုမြှင့်တင်ပေးသည့် ယဉ်ကျေးမှုတစ်ရပ်ဖြစ်ပါသည်။

### ဧဝိတဒါန ငါးလွှတ်ပွဲနှင့် မေတ္တာကမ္ဘာ

သတ္တဝါတို့၏အသက်ကို ဘေးမဲ့ပေးခြင်းဖြင့် ငြိမ်းချမ်းခြင်း၏အစပျိုးမှုကို ဖော်ဆောင်ကြပါသည်။ သတ္တဝါအားလုံး အေးချမ်းပါစေဟူသော မေတ္တာစိတ်သည် ကမ္ဘာလောကကြီးကို ပိုမိုလှပစေပြီး ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်လည်းဖြစ်ပါသည်။

### သင်္ကြန်မုန့်လုံးရေပေါ်နှင့် ဝေမျှခြင်းအနုပညာ

စုပေါင်းလုပ်ဆောင်မှုနှင့် စေတနာရှေ့ထားသည့် စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းယဉ်ကျေးမှုသည် မြန်မာတို့၏ရက်ရောမှုကို ပြသနေပါသည်။ မုန့်လုံးရေပေါ်ပြုလုပ်ရာတွင် ပါဝင်သည့် စုပေါင်းအင်အားသည် အောင်မြင်မှု၏ လျှို့ဝှက်ချက်ပင်ဖြစ်ပါသည်။

### နန်းတွင်းသင်္ကြန်မှသည် ပြည်သူ့သင်္ကြန်သို့

သမိုင်းကြောင်းအစဉ်အလာ ကြီးမားခဲ့သည့် မြန်မာ့သင်္ကြန်၏ ဖြစ်တည်မှုအဆင့်ဆင့်ကို ပြန်လည်လေ့လာခြင်းဖြင့် အမျိုးသားရေးဂုဏ်သိက္ခာကို ခံစားသိရှိနိုင်ပါသည်။ ခေတ်အဆက်ဆက် မရိုးနိုင်သော အတာရေသဘင်သည် ပြည်သူတို့၏ အသည်းစွဲဖြစ်လာခဲ့ပါသည်။

### နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပွဲတော်၏ကဏ္ဍ

ပြည်သူများ အေးချမ်းစွာပျော်ရွှင်နိုင်ခြင်းသည် နိုင်ငံတော်တည်ငြိမ်မှု၏ ပြယုဂ်ဖြစ်သကဲ့သို့ ပွဲတော်ကာလ တည်ငြိမ်အေးချမ်းမှုသည်လည်း နိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးနိုင်ပါသည်။ အေးချမ်းသော သင်္ကြန်သည် အေးချမ်းသောအနာဂတ်၏ အစပျိုးခြင်းဖြစ်ပါသည်။

### ယဉ်ကျေးသိမ်မွေ့သော ပျော်ရွှင်မှု အလေ့အထကို ပျိုးထောင်ခြင်း

အစဉ်အလာမပျက် ယဉ်ကျေးစွာ ကစားကြခြင်းဖြင့် မြန်မာ့ဂုဏ်ကို မြှင့်တင်ကြရပါမည်။ ကြမ်းတမ်းသောအပြုအမူများကို ရှောင်ကြဉ်ပြီး မွန်မြတ်သော အတာရေဖြင့် တစ်ဦးကိုတစ်ဦး ချစ်ခင်စွာ ဖျန်းပက်ကြရမည်ဖြစ်ပါသည်။

### စီးပွားရေးကဏ္ဍနှင့် MSMEs များအပေါ် သင်္ကြန်၏ သက်ရောက်မှု

ဒေသထွက်ကုန်များနှင့် လက်မှုအနုပညာများ ပွဲတော်ကာလအတွင်း အရှိန်အဟုန်ရရှိလာခြင်းသည် ပြည်တွင်းစီးပွားရေးအတွက် အထောက်အကူပြုပြီး အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ဈေးကွက်သစ်များ ဖော်ဆောင်ပေးသည့် ကာလလည်းဖြစ်ပါသည်။

### ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသန္တရအလှများ

သင်္ကြန်ခရီးသွားလာမှုမှတစ်ဆင့် ပြည်တွင်းခရီးသွားလုပ်ငန်းကိုမြှင့်တင်နိုင်ပြီး ဒေသအသီးသီး၏ ယဉ်ကျေးမှုနှင့် သဘာဝအလှများကို လေ့လာခွင့်ရရှိစေနိုင်ပါသည်။ ဤသည်မှာ နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်ပါသည်။

### အနာဂတ်မျိုးဆက်သစ်တို့၏ ယဉ်ကျေးမှုတာဝန်

အနာဂတ်မျိုးဆက်သစ်တို့က မိမိတို့၏ရိုးရာကို တန်ဖိုးထားထိန်းသိမ်းရမည့် အသိစိတ်ရှိရပါမည်။ နောင်လာနောက်သားများထံသို့ မှန်ကန်သော ယဉ်ကျေးမှုအမွေအနှစ်များကို လွှဲပြောင်းပေးအပ်ရန်မှာ ယနေ့လူငယ်များ၏ တာဝန်ပင်ဖြစ်ပါသည်။

### နိုင်ငံတကာသို့ ပျံ့နှံ့သွားသည့် မြန်မာ့ရေသဘင်

ကမ္ဘာက အသိအမှတ်ပြုရသည့် မြန်မာ့အလှနှင့် အတာရေသဘင်၏ ထူးခြားချက်များသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိပါသည်။ ရိုးရာပွဲတော်သည် ကမ္ဘာ့ယဉ်ကျေးမှုမြေပုံပေါ်တွင် ထင်ရှားသောနေရာတစ်ခု ရရှိထားပြီးဖြစ်ပါသည်။

### အဟောင်းကို စွန့်ပယ်၍ အသစ်ကို ကြိုဆိုခြင်း

အတိတ်မှအမှားများကို သင်ခန်းစာယူကာ ပိုမိုကောင်းမွန်သော နမူနာသစ်များ ဖော်ဆောင်ကြရပါမည်။ နှစ်ဟောင်းမှ မကောင်းသောအလေ့အထများကို အတာရေဖြင့် ဆေးကြောပြီး နှစ်သစ်တွင် သစ်လွင်သော စိတ်ကူးများဖြင့် စတင်ကြရမည်ဖြစ်ပါသည်။

### နှစ်သစ်ကူးအဓိဋ္ဌာန်နှင့် အမျိုးသားရေး ရည်မှန်းချက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဦးချင်းစီမှ အားသစ်လောင်း အဓိဋ္ဌာန်ပြုကြရမည်ဖြစ်ပါမည်။ ကိုယ်စီတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်များသို့ အတူတကွ ချီတက်ကြရမည်ဖြစ်ပါသည်။

### ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ ဦးတည်ခြင်း

သင်္ကြန်မိုးနှင့်အတူ တစ်နိုင်ငံလုံး အေးချမ်းသာယာစေမည့် ငြိမ်းချမ်းရေးမျှော်လင့်ချက်များ ထွက်ပေါ်လာမည်ဖြစ်ပါသည်။ စစ်မှန်သော ငြိမ်းချမ်းရေးသည် အားလုံး၏ဆန္ဒဖြစ်ပြီး နှစ်သစ်တွင် ထိုဆန္ဒများ ပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

### စည်းကမ်းပြည့်ဝသော နှစ်သစ်ကူးအထိမ်းအမှတ်

စည်းစနစ်ကျနမှုဖြင့် နိုင်ငံတော်အဆင့် ဂုဏ်သိက္ခာကိုဖော်ဆောင်သည့် ပွဲတော်ဖြစ်စေရန် အားလုံးတွင် တာဝန်ရှိပါသည်။ စည်းကမ်းရှိသော ပျော်ရွှင်မှုသည် ဘေးအန္တရာယ်ကင်းဝေးစေပြီး မြင်ရသူအပေါင်းကို ကြည်နူးစေပါသည်။

### ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြင့် နှစ်သစ်ကိုအလှဆင်ခြင်း

ပွဲတော်အပြီးတွင် လုပ်ငန်းခွင်အသီးသီးသို့ တက်ကြွစွာဖြင့် ပြန်လည်ဝင်ရောက်ပြီး နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြရပါမည်။ နှစ်သစ်၏ အားမာန်များဖြင့် မိမိတို့၏လုပ်ငန်းစွမ်းဆောင်ရည်ကိုမြှင့်တင်ကာ တိုင်းပြည်အကျိုးကို ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ဆိုရပါလျှင် မဟာသင်္ကြန်ပွဲတော်သည် ရာသီစက်ဝန်း၏ အပြောင်းအလဲတစ်ခုမျှသာမဟုတ်ဘဲ မြန်မာပြည်သူ ပြည်သားများ၏ စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် သာယာဝပြောမှုကို ဖော်ဆောင်သည့် အမျိုးသားရေးပြယုဂ်တစ်ခုဖြစ်ပါသည်။ တန်ခူးလ၏ ပူပြင်းမှုအောက်တွင် ပိတောက်ရွှေဝါတို့က လန်းဆန်းမှုကို ပေးစွမ်းသကဲ့သို့ အတာရေစင်သည်လည်း လူတို့၏ စိတ်နှလုံးကိုအေးမြစေပါသည်။ သင်္ကြန်ပွဲတော်မှရရှိလိုက်သော စုပေါင်းအင်အား၊ သည်းခံခွင့်လွှတ်ခြင်းနှင့် မေတ္တာတရားတို့ကိုအခြေခံ၍ ငြိမ်းချမ်းသာယာသော နိုင်ငံတော်သစ်ကို ဝိုင်းဝန်းတည်ဆောက်ကြရမည်ဖြစ်ပါသည်။

နှစ်ဟောင်းမှ အညစ်အကြေးများ ကင်းစင်လွင့်ပျောက်ကာ၊ နှစ်သစ်တွင် သန့်ရှင်းလတ်ဆတ်သော စိတ်ဓာတ်များဖြင့် နိုင်ငံတော်၏အနာဂတ်ကို အလှဆင်ကြပါစို့ဟု တိုက်တွန်းရင်း မဟာသင်္ကြန်မှသည် ငြိမ်းချမ်းသာယာသော နှစ်သစ်ဆီသို့ လျှောက်လှမ်းနိုင်ကြပါစေကြောင်း ဂုဏ်ယူစွာ ရေးသားအပ်ပါသည်။ ။

## နမ့်စန်မြို့ မက်မွန်မုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် ဧပြီ ၃**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများအား ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ မက်မွန်မုန်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၁၂၁ ဦးတို့ကို နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အသည်းရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများအား နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်နေသော ပြည်သူများအား သောက်သုံးရေများ ဖြည့်တင်းလှူဒါန်း

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆) ရပ်ကွက် သဲအင်းဂူဘုန်းကြီးကျောင်းလမ်းအတွင်းရှိ သောက်သုံးရေ လိုအပ်လျက်ရှိသော ပြည်သူများအား ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်မီးသတ်စခန်းက ရပ်ကွက်အတွင်းသို့ ရေများဖြည့်တင်းဆောင်ရွက်ပေးသည်။

**လှူဒါန်း**

ထိုသို့ ရေများဖြည့်တင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ငါးဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစိုးဝင်းထွန်း၊ မြို့နယ်ရေသန့်ဌာနမှ ဒေါ်သက်မာနှင့်ဝန်ထမ်း ငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လတ်နှင့်အဖွဲ့ဝင် ခြောက်ဦးတို့ ပူးပေါင်း၍ မီးသတ်ရေသယ်ယာဉ် တစ်စီးဖြင့် ရေဂါလန် ၃၂၀၀ အား လှူဒါန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ

## ဒေါပုံမြို့နယ်၌ သောက်သုံးရေအခက်အခဲဖြစ်နေသည့်ပြည်သူများအား နေအိမ်အရောက် အခမဲ့ရေပေးဝေ

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ပြည်သူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ယနေ့နံနက်ပိုင်းက စတင်၍ ရေအခက်အခဲဖြစ်နေသည့် ပြည်သူများအတွက် သောက်သုံးရေများကို နေအိမ်များအရောက် တာဝန်ရှိသူများက အခမဲ့ပေးဝေခဲ့သည်။



**အခမဲ့ပေးဝေ**

ထိုသို့ပေးဝေရာတွင် ဒေါပုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးရာဇာထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းနှင့် တာဝန်ရှိသူများက နွယ်အေးရပ်ကွက် တံတားဟောင်းမှ အိမ်ခြေ ၈၀ ရှိ လူဦးရေ ၃၆၀ ခန့်အတွက် သောက်သုံးရေများ လုံလောက်မှုရှိစေရေး သောက်သုံးရေဂါလန် ၆၀၀၀ ကို ရပ်ကွက်အတွင်း နေအိမ်များအရောက် အခမဲ့ပေးဝေခဲ့ကြကြောင်း သိရသည်။

ချစ်စုဝေ(ပြန်/ဆက်)

## ရွှေပြည်သာမြို့နယ်၌ နွေရာသီအင်္ဂလိပ်စာသင်တန်း အခမဲ့ဖွင့်လှစ်

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ နွေရာသီအင်္ဂလိပ်စာသင်တန်းကို ယနေ့နံနက် ၉ နာရီခွဲက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် အခမဲ့ဖွင့်လှစ်ခဲ့သည်။



ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ (တာဝန်ပေး) ဒေါ်မေမွန်ထွဋ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် နည်းပြဆရာ/ဆရာမနှစ်ဦးက သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသို့ အလယ်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၇ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ဧပြီ ၃ ရက်မှ ၂၉ ရက်အထိ (သင်္ကြန်ရုံးပိတ်ရက်မပါ) အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးထွန်း(ပြန်/ဆက်)

## ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မစခန်း၌ မီးဘေးလုံခြုံရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်

**ဆီဆိုင် ဧပြီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မစခန်း၌ မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

**အသိပညာပေးဟောပြော**

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးလှိုင်က မီးဘေးလုံခြုံရေး ကြိုတင်ဆောင်ရွက်ထားရှိရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းအကြောင်းများကို အသိပညာပေးဟောပြောသည်။



ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

○ **ဘာဆီလိုနာမှ**

နှစ်ကျော့ပေါင်းရလဒ် ၁၂ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘာစီလိုနာအမျိုးသမီးအသင်းနဲ့အတူ အဖွင့်ဂိုးသွင်းယူပေးခဲ့တဲ့ ပူတဲလက်စ်ဟာ လက်ရှိအချိန်မှာ ဘာစီလိုနာအမျိုးသမီးအသင်းနဲ့အတူ ပါဝင်ကစားခဲ့တဲ့ ပွဲစဉ်စုစုပေါင်း ၅၀၀ အထိ ရှိလာခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအမျိုးသမီးအသင်းဟာ ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းနဲ့ ပြိုင်ပွဲစုံ ၂၅ ပွဲအထိ ထိပ်တိုက်တွေ့ဆုံခဲ့ရာမှာ ၂၄ ပွဲအထိ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာအမျိုးသမီးအသင်းဟာ အမျိုးသမီးချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာ ဖြစ်ပါတယ်။

လိုင်ယွန်အမျိုးသမီးအသင်းကတော့ ဝုလ်စ်ဘတ်အမျိုးသမီးအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဧပြီ ၃**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင် ဇာတ်နိပါတ်တော်များ အကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်စေရန် ရည်ရွယ်ချက်များနှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသမည့် “ငါးရာ့ငါးဆယ် ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် စီစဉ်တင်ဆက်ပေးလျက်ရှိသည်။




“ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက်ဇာတ်လမ်းများ” အစီအစဉ်တွင် “သဉ္ဇီဝဇာတ်တော် (အဇာတသတ်)”ကို ဖော်ပြထားသည့် “ကိုးကွယ်မှု မှားယွင်းခြင်း” အပိုင်း(၃) ကို နန်းတော်ရှေ့ ဆရာတင်၏မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး အကယ်ဒမီ အေးချမ်းမောင်၊ နန်းဝင်း၊ ယွန်းဝတ်လွှာအောင်၊ ရန်ရှင်းမောင်၊ ထက်မြက်အောင်၊ ဖူးပွင့်ရွှေရည်လှိုင်၊ ပန်းအိစံ၊ ပန်းကဗျာ၊ ပိုးပိုးအိမ်၊ တောက်တဲ့၊ အောင်သွေးသစ်၊ လင်းမြတ်အောင်၊ သင်းသံသာ၊ ငွေနန်းစံ၊ ရွှန်းလဲ့အိမ်နှင့် ရွှေနန်း သဘင်အဖွဲ့သားများက ပါဝင်ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို MRTV-HD Channel မှ ဧပြီ ၄ ရက် (စနေနေ့) ည ၉ နာရီတွင် လည်းကောင်း၊ MRTV Entertainment Channel မှ ဧပြီ ၅ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် လည်းကောင်း ထုတ်လွှင့်ပြသမည်ဖြစ်ပြီး ဧပြီ ၈ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် MRTV – HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အခမဲ့သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာ ဆင်နွှဲကြသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၆ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာ မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်း လာအိုအသင်းနှင့် အုပ်စုအဖွင့်ပွဲ ကစားရမည်

**ရန်ကုန် ဧပြီ ၃**

၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲကို ဧပြီ ၁၂ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲအဖြစ် လာအိုအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။




မတ်လဆန်းပိုင်းက မြန်မာ ယူ-၁၇ အသင်းနှင့် အိန္ဒိယ ယူ-၁၇ အသင်းတို့ ရန်ကုန်မြို့၌ ခြေစမ်းပွဲကစားစဉ်။

ယင်းပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (A) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ တီမော၊ အုပ်စု (B) တွင် ထိုင်း၊ မြန်မာ၊ ဖိလစ်ပိုင်၊ လာအို၊ အုပ်စု (C) တွင် သြစတြေးလျ၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများကို နှစ်ရက်ခြားတစ်ပွဲ ကစားရမည်ဖြစ်ပြီး ဧပြီ ၁၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် လာအိုအသင်း၊ ဧပြီ ၁၅ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်း၊ ဧပြီ ၁၈ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကျင်းပသည့် ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး တစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည် ဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းသည် ယင်းပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး ရက်ပိုင်းအတွင်း အပြီးသတ်လူစာရင်း ထုတ်ပြန်မည်ဖြစ်သည်။ မြန်မာယူ-၁၇ အသင်းသည် မေလတွင် ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၁၇ ပြိုင်ပွဲအတွက်ပါ လေ့ကျင့်ပြင်ဆင်နေသည့် အသင်းဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ အာဆီယံပြိုင်ပွဲ ယှဉ်ပြိုင်ရခြင်းဖြစ်ကာ အာရှဖလား ပြိုင်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်မှုတစ်ခု ဖြစ်လာမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ယင်းပြိုင်ပွဲ နှစ်ခုအတွက် ၂၀၂၅ နှစ်ကုန်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မတ်လဆန်းတွင် အိန္ဒိယ ယူ-၁၇ အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

# ONE Friday Fights 149 & The Inner Circle ပြိုင်ပွဲတွင် မြန်မာဖိုက်တာ သန့်ဇင် ရှုံးနိမ့်

**ရန်ကုန် ဧပြီ ၃**

ONE Friday Fights 149 & The Inner Circle ပြိုင်ပွဲကို ဧပြီ ၃ ရက်က ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ လုမ္ပနီအားကစားရုံ၌ကျင်းပရာ မြန်မာဖိုက်တာ သန့်ဇင် ရှုံးနိမ့်ခဲ့သည်။



သန့်ဇင်သည် ထိုင်းဖိုက်တာ ဂျာရတ်ချိုင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ပထမအချီ ၁ မိနစ် ၃၈ စက္ကန့်မှာပင် အလဲထိုးခံရခြင်းဖြစ်သည်။ သန့်ဇင်သည် ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ရန် ကြိုးပမ်းသော်လည်း အချည်းနှီးဖြစ်ခဲ့ပြီး ငါးပွဲဆက်တိုက်အရေးနိမ့်ခဲ့သည်။ ယခုပွဲတွင်လည်း ဂျာရတ်ချိုင်း၏ ပထမအချီမှာပင် ပွဲသိမ်းခြင်းခံခဲ့ရခြင်းဖြစ်ပြီး ခြေကန်ချက်၊ ဒူးတိုက်ချက်များဖြင့် ပြိုဆင်းစေခဲ့ပြီး ဦးခေါင်းကို ခြေကန်ချက်ဖြင့် ပွဲသိမ်းခဲ့ခြင်းဖြစ်သည်။

ဂျာရတ်ချိုင်းသည် ONE နှင့် သုံးပွဲဆက်တိုက် အနိုင်ရထားပြီး သန့်ဇင်မှာမူ ပထမဆုံးနှစ်ပွဲဆက် အနိုင်ရသော်လည်း နောက်ပိုင်း ငါးပွဲဆက်တိုက် အရေးနိမ့်ထားသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE FC**

# ရွှေသွေးဂျာနယ်ထွက်ရှိ




ဧပြီ ၄ ရက်(စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၈) အမှတ် (၁၄) တွင် ကိုယ့်ပတ်ဝန်းကျင် သာယာလှပရန် ကိုယ်တိုင်ကြိုးစား ထိန်းသိမ်းရမည်ကို နားလည်သဘောပေါက်သွားသည့် အိအိတို့ မောင်နှမနှစ်ယောက် အကြောင်းကို သရုပ်ဖော်ထားသည့် “တာဝန်ကိုယ်စီ ရှိပါသည်” မျက်နှာဖုံးကာတွန်း၊ ခန္ဓာကိုယ်အတွက် ကျန်းမာရေး ကောင်းကျိုးများစွာရရှိမည့် ကြက်သွန်ဖြူအကြောင်း ဗဟုသုတရရှိစေရန် ရေးသားထားသည့် “ကြက်သွန်ဖြူ(Garlic) စားသုံးခြင်းနဲ့ ကျန်းမာရေး အကျိုးကျေးဇူးများ” သုတဆောင်းပါးကဏ္ဍ၊ ပြည်သူသို့ အသိပညာပေးထားသည့် ငလျင်ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေး နှိုးဆော်ချက်၊ အလုပ်လုပ်ခိုင်းထားသည်ကို ပြီးမြောက်အောင် မလုပ်သည့် ညီပုနှင့်ဒေါသဖြစ်သွားသည့် သူ့ဦးလေးတို့အကြောင်းကို သရုပ်ဖော်ထားသည့် “ညီပု” နှစ်မျက်နှာကာတွန်း၊ စာကလေးဇနီးမောင်နှံသည် ကိုယ့်ပျော်ရွှင်မှုအတွက် သူတစ်ပါးဒုက္ခရောက်အောင် လုပ်ဆောင်ခဲ့၍ မြွေကြီး၏ စားခြင်းကို ခံလိုက်ရသည့်အကြောင်း ရေးသားထားသည့် “သူများ မျက်ရည်” ပုံပြင်ကဏ္ဍ၊ ကလေးတို့ စိတ်ကြိုက် အရောင်လေးများ ခြယ်သနိုင်မည့် “ဆေးရောင်လှလှခြယ်ကြရအောင်”ဉာဏ်စမ်းကဏ္ဍ၊ ထူးထူးနှင့် ကျော်ကျော်တို့ အရင်တွေ့ထားသည့် ပိုက်ဆံသည် သူတို့၏ လောဘကြောင့် သူတစ်ပါးလက်ထဲသို့ ရောက်ရှိသွားပုံကို သရုပ်ဖော်ထားသည့် “လောဘကြီးမိလို့” တစ်မျက်နှာကာတွန်း၊ ဆင်းရဲချို့တဲ့သည့် သူငယ်ချင်းမင်းခန့်အတွက် လိုအပ်သည်များကို ဝိုင်းဝန်းကူညီဖြည့်ဆည်းပေးသည့် ကျန်သူငယ်ချင်းလေးယောက်အကြောင်း ရေးသားထားသည့် “သူငယ်ချင်းကောင်း” ဝတ္ထုကဏ္ဍ၊ တန်ခူးလတွင် ပိတောက်ပန်းများပွင့်ပုံနှင့် သင်္ကြန်ပွဲတော် ဆင်နွှဲကြပုံအကြောင်း ရေးဖွဲ့ထားသည့် “မာပါစေကြောင်း ဆုမွန်တောင်း” ကဗျာကဏ္ဍအပါအဝင် အင်္ဂလိပ်စာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်သည်။

တစ်စောင်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်** အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၁၁)ဦးမြောက် နိုင်ငံတော်သမ္မတအဖြစ် ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)က ဂုဏ်ယူဝမ်းမြောက်စွာဖြင့် ကြိုဆိုအပ်ပါသည်။

မြန်မာပြည်သူပြည်သားများ၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မေဃဝတီတိုးချဲ့ (၁၃)လမ်း၊ မြို့ကွက်တိုးချဲ့တည်ဆောက်နေရာချထားရေးအဖွဲ့မှ(ဦးကျော်ဝင်းနိုင်-N/OKA-၀၅၀၀၂၅)အမည်ဖြင့် ချထားပေးသော၊ မြေကွက်ကြီးအမှတ်(၁/န)၊ အိမ်ရာကွက်ငယ်အမှတ်(၉၀၉)၊ မြေကွက်အကျယ်အလျား(၄၀') x အနံ(၆၀')အနက်မှ ခေါင်းရင်းခြမ်း (တောင်ဘက်ခြမ်း) အလျား (၂၀') x အနံ(၆၀')မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုရှိသူဖြစ်သော ဒေါ်အေးသန်းမိုး [၁၂/သကတ(နိုင်)၀၁၃၅၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ- ဒေါ်ကြည်ကြည်သင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မဥ္ဇူအေးသိန်း (LL.B)** — **ဒေါ်ဝင်းမာဦး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၂၂၅၇)** — **(အထက်တန်းရှေ့နေ)(စဉ်-၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂၁**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာစီမံကိန်းအပိုင်း(၃)၊ သဇင်မင်းအိမ်ရာ၊ တိုက်အမှတ်(F)၊ အခန်း(၁၀၂)၏ မူလအမည်ပေါက် ဦးသန်းလှိုင် [၁၂/ဗတထ(နိုင်)၀၁၅၈၀၃]ထံမှ ဒေါ်ဆန်းပိုင် [၁၂/စခန(နိုင်)၀၈၁၂၉၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ပန်းလှိုင်တာဝါကွန်ဒိုအိမ်ရာ၊ တိုက်(-)၊ အခန်း(၅၀၂)၏ အမည်ပေါက် ဒေါ်ခင်စန္ဒာစိုး [၁၃/လရန(နိုင်) ၁၀၇၇၇၀]ထံမှ ဦးသူရကျော် [၁၂/ဥကမ(နိုင်) ၁၆၅၁၉၀]+ ဒေါ်ခိုင်ဆုမွန် [၁၂/ဗဟန(နိုင်)၀၈၅၁၉၅]တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်(၂၃)၊ အခန်း(၃၄)၏ အမည်ပေါက် ဒေါ်အိအိမူ [၁၂/ပဇတ(နိုင်)၀၀၈၈၃၆] ထံမှ ဦးသိန်းထူး [၁၂/ရကန(နိုင်)၀၉၀၅၀၉] + ဒေါ်သန်းသန်းအိ [၆/မအရ(နိုင်)၀၀၂၀၀၁] တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင် ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၄၆)ရပ်ကွက်၊ အောင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၃၅)၊ အခန်း (၂၀၂)၏ အမည်ပေါက် ဒေါ်ခင်မျိုးကြည် [၉/မထလ(နိုင်)၀၉၁၉၃၁]ထံမှ ဦးလဝင်းထွန်း [၁၂/မဂဒ(နိုင်)၀၅၉၉၂၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ (၃၆၃)အိမ်ရာ၊ တိုက်(၃၆၃)၊ အခန်း(၈၀၁)၏ အမည်ပေါက် ဦးဝေယံထက်[၉/မထလ(နိုင်)၂၅၂၁၅၆]+ဦးဇော်ဟိန်း [၉/မထလ(နိုင်)၂၅၆၉၉၄]တို့ထံမှ ဦးဝေဖြိုးထက်[၈/တတက(နိုင်)၁၃၂၂၄၂]+ ဒေါ်ချောစုနန္ဒာ [၈/တတက(နိုင်)၀၈၉၉၈၉)တို့က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်၊

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန် ကုန် တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ အမှတ်(၆၁)ရပ်ကွက်၊ ရွှေချမ်းသာအိမ်ရာ၊ တိုက်(၁၀ ဘီ)၊ အခန်း(၂၃၅)၏ အမည်ပေါက် ဦးသန့်ဇင်ဖေ [၉/မရမ(နိုင်)၀၀၆၁၁၄]+ ဒေါ်ခိုင်ဝါဝါဖြိုး [၁၂/လမန(နိုင်) ၁၄၂၁၇၇] ထံမှ ဒေါ်စိမ်းဝတ်ရည် [၁၂/ဒဂရ(နိုင်)၀၁၈၇၀၆] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

**မူးယစ်ကိုပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၉၊ မြေကွက်အမှတ်- ၁၁၅၃၊ မြေကွက်တည်နေရာအမှတ်- ၁၁၅၃၊ ပဒုမ္မာ(၃)လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြောက်၊ ဦးလှမြင့် (HGU-၁၃၀၅၇၆) [၁၂/လကန(နိုင်)၀၅၇၂၂၉] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက်- ဦးလှမြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ရွှေကြုတ် [၁၂/လကန(နိုင်)၀၅၆၅၂၄]မှ ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားဇနီး/မယား တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ မိမိသာ တရားဝင်ဇနီးတော်စပ်ပြီး ခင်ပွန်းကွယ်လွန်ခဲ့သဖြင့် ၎င်းပိုင်ဆိုင်သော အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ဇနီးဖြစ်သူ မိမိသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ခင်ပွန်းသေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊နိုင်/ကတ်တို့တင်ပြ၍ ဒေါ်ရွှေကြုတ်မှ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာချက်

ဦးသန်းဇော်ဦး (ကွယ်လွန်)၊ ဒေါ်ခိုင်မိုးစုဝင်း အမည်ပေါက်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၅)ရပ်ကွက်၊ အာသာဝတီလမ်း၊ အမှတ်(၁၁၃၁/ခ)ရှိ မြေအကျယ်အဝန်း (အလျား ၂၀ ပေx အနံ ၆၀ပေ) မြေကွက်အား စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်အေးနီလာထွန်း [၁၂/ဒဂမ(နိုင်) ၀၁၉၄၈၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှမင်းထွန်း [၁၂/ဒဂရ(နိုင်) ၀၄၆၁၄၃]မှ အပြီးအပိုင်အရောင်းအဝယ်ပြုလုပ်ရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေအချို့ပေးချေပြီးဖြစ်၍ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်လင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၂၇၈၃၅)**
**ဖုန်း- ၀၉-၄၂၁၁၅၁၆၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (၈)ရပ်ကွက်၊ ကျန်စစ်မင်း (၁)အိမ်ရာ၊ တိုက်(၁၂)၊ အခန်း(၂၀၄)၏ အမည်ပေါက် ဦးအောင်ကျော်မိုး [၁၄/ညတန(နိုင်) ၀၉၆၈၉၇]ထံမှ ဒေါ်အေးမိစံ [၅/ခဥန(နိုင်)၁၂၀၄၁၇] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ Yankin Palm Village အိမ်ရာ၊ တိုက်(၂၅)၊ အခန်း(၃၂)၏ အမည်ပေါက် ဒေါ်ခင်စိုးပိုင် [၁၂/ကမရ(နိုင်)၀၅၆၆၅၅]ထံမှ ဒေါ်ခင်သီတာရွှေ [၁၂/ရကန(နိုင်)၀၁၉၃၆၁]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ တာဂွကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည်-၆၈၆ က/ငါးအင်းကွင်း၊ ဦးပိုင်အမှတ်-၆၊ ဧရိယာ(၀.၉၈)ဧကရှိ ဥယျာဉ်ခြံမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်ကြီးမြို့နယ်၊ တာဂွအုပ်စု၊ အင်းယက်ကြီးရွာ၊ ရန်ကုန်-ပြည်လမ်းမကြီးရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ဝယ်ယူပိုင်ဆိုင် ရောင်းချခွင့်ရှိသူများဖြစ်သော **ဦးလှမင်း [၁၂/ဥကတ(နိုင်)၀၅၆၃၀၈] (S/OKA-070863)** နှင့် **ဒေါ်ရှုကြင် [၁၂/ဥကတ(နိုင်)၀၃၇၇၉၇] S/OKA-050783** တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ စရန်တန်ဖိုးငွေ ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့် အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃ အတွင်းရှိမြေကွက်အမှတ်(၁၁/ဃ၁၃-အေ)+မြေကွက်အမှတ်-၁၀က၃/၇-အေ-၁၊ ဧရိယာ (၀.၁၁၃) ဧက၊ မြေအမျိုးအစား မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်)နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့၏ မြို့မြေစာရင်းအမည်ပေါက်ပိုင်ရှင် ဒေါ်နီလာသန်းထွဋ် (KMYT-၀၀၁၃၉၅) [၁၂/ကမရ(နိုင်)၀၅၁၉၉၉]က မိမိတစ်ဦးတည်းတရားဝင်ပိုင်ဆိုင်၍ လွဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထား သော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကောင်းမြတ်ဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၉၂)**
**အမှတ် (၃၃/၄၉)၊ Strand Condo၊ အခန်းအမှတ် ၄၀၂၊ (၄-လွှာ)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ အောင်တံခွန်(၅)လမ်း၊ အမှတ်(၁၆၄)၊ မြေအကျယ်ပေ(၄၀x၆၀)ရှိ မီးပါဝင်သည့် မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးထွန်းထွန်း[၉/မရမ(နိုင်)၀၁၀၀၃၂] မှ ပါမစ်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးဉာဏ်ထက်[၁၂/ရကန(နိုင်)၀၀၂၄၀၉]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၁-လ)အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဉာဏ်ထက်၏ ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးသီရိဆွေ(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၃၀၁) (၁၃-၁၀-၂၀၂၂)**
**ရုံး-(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၇၇၇၅၂၆၄၀**

## "အများသိရှိစေရန် ကြေညာချက်"

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနိုင်လင်း (ဘ) ဦးဟန်စိန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၄/ဘကလ(နိုင်)၂၀၀၅၃၅ ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိရှိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းနှင့် ဒေါ်နွဲ့ရီဆန်း (ဘ) ဦးတာတီ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- [၈/နမန(နိုင်)၁၂၈၁၅၅] ကိုင်ဆောင်သူတို့သည် (၄-၃-၂၀၂၆)ရက်နေ့တွင် ကမာရွတ်မြို့နယ်တရားရုံးတော်၌ မှတ်ပုံတင်အမှတ်- ၁၃/၂၀၂၆ ဖြင့် **"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်"** ချုပ်ဆိုကာ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ကြောင်း နှင့် ဒေါ်နွဲ့ရီဆန်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စရပ်မဆို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်လင်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ မေးမြန်းစုံစမ်းခြင်းသည်းခံပါ။

**ဦးနိုင်လင်း၏ လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်အိရွှေစင် (တရားလွှတ်တော်ရှေ့နေ)**
**(စဉ်- ၁၅၂၇၂/၂၇-၁၂-၂၀၁၈)**
**အမှတ်- ၅၈ (B-4)၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉- ၄၂၀၀၇၆၉၂၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၂၉)၊ သလ္လာဝတီလမ်းနှင့် ဦးကျော်လှလမ်းထောင့်တွင်တည်ရှိသော 7 Mile Condominium၊ အခန်းအမှတ်(၁၂-၀၁)၊ (၁၂)လွှာ၊ အခန်းအကျယ်အဝန်း(၁၂၆၀-စတုရန်းပေ) ခန့်ရှိ ကွန်ဒိုတိုက်ခန်းတစ်ခန်းနှင့် ၎င်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ခွင့်ရှိသူ ဒေါ်ဆုမြတ်နွယ် [၁၀/မလမ(နိုင်) ၂၀၆၆၀၉]ထံမှ အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်(ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာချက်ပါသည့်နေ့မှ (၁၄)ရက် အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းဖြိုးသိန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၉၆၆)**
**တိုက်(၄/၆)၊ အခန်း(၁၂)၊ ရွှေအုန်းပင်အိမ်ရာ(၄) ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၄၃၉၉၉၉၃၇**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၃

| | | |
|---|---|---|
| မြင်းမူ | ၄၂ ဒသမ ၉ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၂ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၂ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၂ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |

# ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများပေးပို့

နေပြည်တော် ဧပြီ ၃

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ပြည်ပနိုင်ငံအကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့ကြသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့လာသည်။

**မော်စကိုမြို့၊ ၂၀၂၆ ခုနှစ်၊ ဧပြီလ ၃ ရက်**

**အဆွေတော်၊**

အဆွေတော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသည့်အတွက် လှိုက်လှဲစွာ ဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

ရုရှား-မြန်မာဆက်ဆံရေးသည် သဘာဝအရ ရင်းနှီးပွင့်လင်းသော ဆက်ဆံရေးဖြစ်ကြောင်းကို ပြီးခဲ့သည့်နှစ်က မော်စကိုမြို့တွင် ပြုလုပ်ခဲ့သော မိမိတို့၏ တွေ့ဆုံဆွေးနွေးမှုများက ထပ်လောင်းအတည်ပြုပေးခဲ့ပါသည်။ အဆွေတော်၏ သမ္မတသက်တမ်းအတွင်း နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားအတွက်လည်းကောင်း၊ အာရှ-ပစိဖိတ်ဒေသ၏ တည်ငြိမ်ရေးနှင့် လုံခြုံရေးကို ခိုင်မာစေရန်အတွက်လည်းကောင်း အပြုသဘောဆောင်သည့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာမည်ဟု မိမိအနေဖြင့် အခိုင်အမာ ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော်နှင့်တကွ မြန်မာပြည်သူများအားလုံးထံသို့ မကြာမီ ကျရောက်တော့မည့် မြန်မာ့ရိုးရာနှစ်သစ်ကူးအခါသမယ သင်္ကြန်ပွဲတော်အတွက် လှိုက်လှဲစွာ နှုတ်ခွန်းဆက်သပါကြောင်း ဖော်ပြအပ်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်းနှင့် အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဗလာဒီမာ ပူတင်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့သည်။

**ဘေကျင်း၊ ၃-၄-၂၀၂၆**

**သို့**
**အဆွေတော် မစ္စတာ မင်းအောင်လှိုင်**
**သမ္မတ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**

**လေးစားအပ်ပါသော သမ္မတကြီးခင်ဗျား**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ သမ္မတအဖြစ် အဆွေတော်ရွေးကောက်တင်မြှောက်ခံရသည်ကို သိရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်းနှင့် တရုတ်အစိုးရနှင့် ပြည်သူများကိုယ်စား အဆွေတော်ထံသို့ စစ်မှန်သော ဂုဏ်ယူဝမ်းမြောက်စကားများ ပါးအပ်ပါသည်။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် တောင်နှင့်ရေချင်းထိစပ်နေသည့် ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ကျွန်ုပ်တို့၏ ပြည်သူနှစ်ရပ်သည် ရှေးယခင်ကတည်းက တည်ရှိခဲ့သော "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ခံစားကြရပါသည်။ နှစ်ဖက်စလုံးသည် အတူတကွ လက်ကိုင်ထားသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး အခြေခံမူကြီး (၅) ချက်၏ စိတ်ဓာတ်ကို လက်ခံကိုင်စွဲထားကာ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိပြီး အပြန်အလှန် လိုအပ်နေချိန်များတွင်လည်းကောင်း၊ အဓိကအကျိုးစီးပွားများနှင့် အရေးကြီးသော ကိစ္စရပ်များတွင်လည်းကောင်း အခိုင်အမာ ထောက်ခံအားပေးခဲ့ကြသည်မှာ အေးအတူပူအမျှဖြစ်သော "တရုတ်-မြန်မာ အနာဂတ်ကံကြမ္မာ အတူတကွ ဖော်ဆောင်သည့် လူ့အဖွဲ့အစည်း" ၏ နက်ရှိုင်းသော အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အပြည့်အဝဖော်ပြနေပါသည်။ ကျွန်ုပ်တို့သည် ပြီးခဲ့သည့်နှစ်တွင် နှစ်ကြိမ်တိုင်တိုင် တွေ့ဆုံခဲ့ပြီး စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

## ဘာစီလိုနာအမျိုးသမီးအသင်းနဲ့ လိုင်ယွန်အမျိုးသမီးအသင်းတို့ အမျိုးသမီးချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တက်လှမ်း

ဘာစီလိုနာ အမျိုးသမီးအသင်းနဲ့ လိုင်ယွန်အမျိုးသမီးအသင်းတို့ဟာ ဧပြီ ၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အမျိုးသမီးချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်မှာ ပြိုင်ဘက်အသင်းအသီးသီးကို အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာ အမျိုးသမီးအသင်းဟာ ရီးယဲလ်မက်ဒရစ် အမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရတာဖြစ်ပြီး ဘာစီလိုနာအမျိုးသမီးအသင်းက ရီးယဲလ်မက်ဒရစ် အမျိုးသမီးအသင်းကို စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ○



ဘာစီလိုနာအမျိုးသမီးအသင်းနှင့် ရီးယဲလ်မက်ဒရစ်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ယနေ့ ဖတ်စရာ


ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၅

အပေါင်ပိုးမှားကာကွယ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၆

စက်သုံးဆီဝယ်ယူမှုများနှင့်ပတ်သက်၍ Call Center သို့ သတင်းပေးပို့တိုင်ကြားလာမှုများအပေါ် အရေးယူဆောင်ရွက်လျက်ရှိ စာမျက်နှာ » ၁၆